မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၀၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာတော်ကို ကြည်ညိုကြသော မင်းအစိုးရအဆက်ဆက်တို့သည် "အဂ္ဂမဟာပဏ္ဍိတ၊ ဒီသာပါမောက္ခ သီရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု ဓမ္မသေနာပတိ" အစရှိသော ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အစရှိသည့် ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထင်ရှားထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။

နှစ်စဉ်ဆက်ကပ်

ထို့အတူ "သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ လူပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ်ဂုဏ်ပြုအပ်၏" ဟူသော ဒေသနာတော်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လျက်ရှိသည်။

စဉ်ဆက်မပြတ်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၁ ခုနှစ် အောက်တိုဘာ ၂၄ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၄၂/၉၁)ဖြင့် ဘွဲ့တံဆိပ်တော် အမျိုးအစား(၂၀)တို့ကို အသစ်တီထွင် ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပြတ် ယခင်ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင်ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့်ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြားသော ဂုဏ်အင်္ဂါအရည်အချင်းနှင့်ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား နှစ်စဉ်ဆက်ကပ် ချီးမြှင့်ခဲ့သည်။

ကျောဖုံးသို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၂၈ရက်)

ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရန်၊ အရည်အချင်းပြည့်ဝသည့် လူကောင်းလူတော်များဖြစ်ထွန်းရန် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုပျိုးထောင်ရာ၌ ပြည်ထောင်စုတစ်ဝန်းရှိ ကျေးလက်ဒေသများပါမကျန် အကြားအလပ်မရှိ ဖြည့်ဆည်းပေးလျက်ရှိရာ ကျေးလက်ပြည်သူများ စာပေဗဟုသုတတိုးပွားပြီး အသိပညာမြင့်မားရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းသို့ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးရာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် တန့်ယန်းမြို့နယ် လုံမုံကျေးရွာ ပညာအလင်းစာကြည့်တိုက်ကို ယခုနှစ် မတ်လ ၂၅ရက်နေ့က လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့နယ် တောပင်လုံကျေးရွာ အလင်းရောင်စာကြည့်တိုက်ကို မတ်လ ၉ရက်နေ့ကလည်းကောင်း၊ လှိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် လွယ်ပူတောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မတ်လ ၂၆ရက်နေ့ကလည်းကောင်း၊ ဧရာဝတီတိုင်း ရေကြည်မြို့နယ် ကွင်းသုံးဆင့်ကျေးရွာ၌ ခေတ်ဆန်း(၁) စာကြည့်တိုက်ကို မတ်လ ၂၃ရက်နေ့ကလည်းကောင်း အသီးသီးဖွင့်လှစ်နိုင်ခဲ့ပြီး စာအုပ်စာစောင်လှူဒါန်းပွဲများကိုပါ ပူးတွဲကျင်းပခဲ့သည်။

ဤကဲ့သို့ စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ကျေးလက်ပြည်သူများ၏ စာပေဖတ်ရှုလေ့လာမှု၊ အသိပညာဗဟုသုတ တိုးပွားထက်သန်ရန်အတွက် အထောက်အကူဖြစ်စေသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ပြည်သူများ ဖြစ်ကြသည်။ ကျေးလက်ဒေသပြည်သူများ၏ ပညာဗဟုသုတ တိုးပွားရေးသည် ကျေးလက်စာကြည့်တိုက်များက များစွာအထောက်အကူပြုလျက်ရှိသည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာ၌ စာကြည့်တိုက်များသည် အထောက်အကူပြုနိုင်ပြီး ခေတ်နှင့်အညီ ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေအရပ်ရပ်ကို စာပေဗဟုသုတမှတစ်ဆင့် ရှာဖွေဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါသည် ကျေးလက်ဒေသများဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြင့် ဖော်ဆောင်လျက်ရှိရာ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားပြီး ပညာဗဟုသုတများပြည့်ဝ၍ နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍအသီးသီး၌ ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် ကျေးလက်စာကြည့်တိုက်များ အရှည်ရှင်သန်နိုင်စေရန် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ကဆုန်လပြည့် ဗုဒ္ဓနေ့** တရားတော် [အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)]
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၄)
၈:၃၀ Sports World (Glitch)
၈:၅၅ ပီတိလွှမ်းပြည့်....မင်္ဂလာနေ့
၉:၁၅ Panasonic နှင့် ECO Ideas
၉:၂၀ ပန်းတိုင်အထွက်ရရှိဖို့ စိုက်ပျိုးစနစ်ကျင့်သုံးစို့
၉:၄၀ အားကစားမြင်ကွင်းစုံ ချစ်ဝင်းမောင်၊ ဇင်သော်နိုင်၊မြတ်သူရ
၁၀:၂၅ သမိုင်းတွင် ထင်ရှားတောက်ပသူ တချို့၏ စတင်ရာ
၁၀:၄၅ ဓာတ်ပုံထဲမှ အမှတ်တရများ (ဖိုးသောကြာ)
၁၁:၁၀ Industrial Talk [ဒေါက်တာ မျိုးသန့်တင်၊ ဒေါက်တာ တင်အောင်ရွှေ(သုတေသီ)]
၁၁:၄၀ ဗီဒီယိုပြခန်း
၁၁:၅၅ ကျန်းမာလှတဲ့ ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ် ကျင့်ကြစို့
၁၂:၂၀ ပထမအကြိမ် အခြေခံအဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းသား သင်တန်းသူများ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်နှင့် ညစာစားပွဲအခမ်းအနား
၁၂:၄၀ တံငါတံတား
၁၂:၄၅ အံ့မခန်းမြန်မာ့ပန်းပုပညာလက်ရာ ရွှေကူတံကဲတော်ကြီး
၁၂:၅၀ **ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၁:၀၀ **ကဆုန်လပြည့် ဗုဒ္ဓနေ့** တရားတော် [အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)]
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (လူရွှင်တော်ဖြစ်တာကောင်းတယ်၊ လူရွှင်တော်မဖြစ်တာ ကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၄)
၄:၀၅ လျှပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၂)
၄:၃၀ ပန်းတိုင်အထွက်ရရှိဖို့ စိုက်ပျိုးစနစ်ကျင့်သုံးစို့
၄:၅၅ Panasonic နှင့် ECO Ideas
၅:၀၅ ပီတိလွှမ်းပြည့်....မင်္ဂလာနေ့
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (ဖိုးသောကြာ)
၆:၄၀ ဗီဒီယိုပြခန်း
၆:၅၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (White Rose Floral Design & Gift)
၇:၀၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နော်လီဇာ)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (လူရွှင်တော်ဖြစ်တာကောင်းတယ်၊ လူရွှင်တော်မဖြစ်တာ ကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၄)
၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၅ ပထမအကြိမ် အခြေခံအဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းသား သင်တန်းသူများ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်နှင့် ညစာစားပွဲအခမ်းအနား
၁၀:၄၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နော်လီဇာ)
၁၁:၂၅ Industrial Talk
၁၁:၅၀ အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
၁၂:၁၀ ကျန်းမာလှတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
၁၂:၃၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၈-၄-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံ ထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀ ၇။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
၈:၃၀ ၈။ အတီးပြိုင်ပွဲ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ ပြင်ဦးလွင် ပန်းမြို့တော်ဆီသို့
၈:၅၀ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (Ma Naw Myay F.C နှင့် Zwe Ka Pin United F.C)
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၀၀ ၃။ တေးဂီတအစီအစဉ်
၅:၂၀ ၄။ သီချင်းကြီးပဒေသာ
၅:၂၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၅ ၆။ **နှောင်းနှောင်းတ**
၅:၄၅ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၁၅ ၉။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၀။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၃၅ ၁၁။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၀၅ ၁၂။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇:၄၀ ၁၃။ **ဝတ်မှုန်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၃၇)
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **ယောကျ်ားရေ** လွှင်မိုး၊ ခိုင်သင်းကြည် (ဒါရိုက်တာ-မောင်သီ)



ကမ္ဘာ့အေးကုန်းမြေ ဗုဒ္ဓဂယာ ဆရာတော်ကြီး စိုက်ပျိုးပူဇော်လှူဒါန်းထားသော (ကိုင်းပွားတော်) မဟာဗောဓိညောင်ပင်တော်ကို ကဆုန်လပြည့်နေ့ နံနက်က ဒါနဗုဒ္ဓဂယာဘုရားဖူးများ ဒေဝါဝင်းခင်း၍ ညောင်ရေသွန်းပူဇော်ကြစဉ်။ (မြန်မာ့အလင်း)

STI မှ Foundation Studies သင်တန်းများ ပို့ချမည်

ရန်ကုန် ဧပြီ ၂၇

STI သည် အင်္ဂလန်၊ ဩစတြေးလျနှင့် စင်ကာပူနိုင်ငံရှိ ကျောင်းများ အသိအမှတ်ပြု Grade 12 အဆင့်ရှိ Certificate သင်တန်းအမျိုးမျိုး ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ယင်းသင်တန်းများမှာ CECS (အင်္ဂလိပ်ဘာသာပြောဆိုမှု)၊ CBME (စီမံခန့်ခွဲမှုနှင့် အင်္ဂလိပ်ဘာသာရပ်)၊ CBIS (စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်နည်းပညာ)တို့ဖြစ်သည်။

ဆက်သွယ်နိုင်

CECS သင်တန်းမှာ အင်္ဂလန်နိုင်ငံရှိ အထင်ကရ တက္ကသိုလ်ကြီးများ၏ ပြဋ္ဌာန်းထားသောစာအုပ်နှင့် နည်းနာနိဿယများကို အခြေခံ သင်ကြားပေးပြီး သင်တန်းပြီးဆုံးပါက အင်္ဂလိပ်စကား ကျွမ်းကျင်စွာ ပြောဆိုရေးသား ဆက်သွယ်နိုင်မည်ဖြစ်သည်။

တက်ရောက်နိုင်

CBME နှင့် CBIS သင်တန်းများမှာ နိုင်ငံတကာစီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်ဆိုင်ရာ အတတ်ပညာရပ်များကို သင်ကြားပေးသည်။ အချိန်နှင့်အမျှ ပြောင်းလဲနေသော ယနေ့ခေတ်တွင် အောင်မြင်သော စီးပွားရေးလုပ်ငန်းရပ် တည်ဆောက်ရန် အခြေခံသဘောတရားများ၊ သတင်းအချက်အလက်နှင့် နည်းပညာစနစ်တည်ဆောက်ရန် လိုအပ်သော အခြေခံစွမ်းရည်နှင့် ဗဟုသုတ ရရှိလိုသော ကျောင်းသားလူငယ်များအတွက် အထူးသင့်လျော်သည်။ ယင်းသင်တန်းများကို ပြည်ပမှ Native Trainer များ၊ ဝါရင့်ဆရာများ ကိုယ်တိုင် သင်ကြားပေးနေကြောင်းနှင့် တက္ကသိုလ်ဝင်တန်း ဖြေဆိုသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

ယင်း Certificate သင်တန်း အောင်လက်မှတ် ရရှိပြီးသူများသည် ဩစတြေးလျနှင့် အင်္ဂလန်တက္ကသိုလ်၊ ကောလိပ်များတွင် ပထမနှစ်အဖြစ် စတင်တက်ရောက်နိုင်ရုံမျှမကဘဲ STI၌ပင် ဆက်လက်၍ ပထမနှစ်နှင့်ညီမျှသည့် ဒီပလိုမာသင်တန်းများ တက်ရောက်နိုင်သဖြင့် ပြည်တွင်း၌ပင် ကျောင်းသားများ၏ လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းနိုင်ရုံမက ပြည်ပတွင် ဆက်လက်သင်ကြားနိုင်မည့် အခွင့်အလမ်းကောင်းများလည်း ရရှိနိုင်မည်ဖြစ်သည်။

အခွင့်အလမ်း

ထို့အပြင် STI ၏ ပြည်တွင်း၊ ပြည်ပ ဆရာများက ကျောင်းသားများအား ယင်းတို့၏ ဝါသနာနှင့် အားသာချက်များအပေါ် မူတည်၍ သင့်တော်သည့် ပညာရပ်များနှင့် ဆက်စပ်သည့် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း အမြဲမပြတ် ဆွေးနွေးပေးလျက်ရှိသည်။

စိတ်ပါဝင်စားသူများသည် မေ ၂ရက် ညနေ ၄နာရီတွင် ရွှေဘုံသာ STI ၌ ယင်းသင်တန်းများ၏ ဆွေးနွေးပွဲသို့ စာရင်းပေးသွင်း၍ အခမဲ့ တက်ရောက်နိုင်သည်။

စာရင်းသွင်းအပ်နှံနိုင်

ထို့အပြင် သင်တန်းကျောင်းတည်ရှိရာ အမှတ်(၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် သို့လည်းကောင်း၊ အဆောင်-၄ အခန်း -၇ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့လည်းကောင်း၊ ဖုန်း- ၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်း စာရင်းသွင်းအပ်နှံနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယောနယ်အသင်း (ရန်ကုန်) ဓမ္မာရုံအလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ်စေတီပရိဝုဏ်အတွင်း ယောနယ်အသင်း (ရန်ကုန်)၏ဓမ္မာရုံကို တည်ဆောက်တော့မည်ဖြစ်သည်။ ပန္နက်တင် အုတ်မြစ်စီအခမ်းအနားကို မေ ၂ရက်(တနင်္ဂနွေနေ့) နံနက်၇နာရီတွင် ကျင်းပပြီး အလှူတော်ငွေပေးအပ်ပွဲနှင့် ရေစက်ချအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့ရုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုကြသည့် အလှူရှင်များ၊ ယောနယ်သား ယောနယ်သူများနှင့် မိတ်ဆွေများ ကြိုတင်လှူဒါန်းလိုပါက အသင်းနာယက ဗိုလ်မှူးထင်မျိုး ဖုန်း-၆၆၀၄၉၈၊ ၆၅၀၄၈၄၊ ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း- ၂၄၀၆၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇ နှင့် အတွင်းရေးမှူး ဦးသာလှ ဖုန်း-၃၈၀၄၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့

ပရိဘောဂစေတီထိုက်သော မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော် ဒါန၊ သီလ၊ ဘာဝနာဆည်းပူးပြီး ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် ဧပြီ ၂၇

ယနေ့သည် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ဖြစ်သည်။ "ဖွားဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်" **ဟူသော စကားနှင့်အညီ ဘုရားအလောင်းသုမေဓာရသေ့ဘဝဖြင့် သမ္မာသမ္ဗုဒ္ဓနိယတ ဗျာဒိတ်ပန်ဆင်သောနေ့၊ အလောင်းတော်သိဒ္ဓတ္ထမင်းသားဖွားမြင်သောနေ့၊ ညောင်ဗောဓိပင်ခြေရင်း၌ ဗုဒ္ဓဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့တို့ဖြစ်သဖြင့် ဗုဒ္ဓနေ့ဟု သမုတ်ကြခြင်းဖြစ်သည်။ အထူးသဖြင့် ဗုဒ္ဓဘုရားရှင်၏ ဝိသေသထူးသောနေ့ထူးဖြစ်သဖြင့် ဗုဒ္ဓကိုယ်စားဖြစ်သော ပရိဘောဂစေတီ ဗောဓိပင်အား ညောင်ရေသွန်းလောင်းသည့် ရာသီပွဲတော်ကာလဖြစ်သည်။**

ဥပ္ပါတသန္တိစေတီတော်ကြီး

ယနေ့တွင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားများ၊ ဗောဓိညောင်ရေသွန်းပွဲတော် အခမ်းအနားများကျင်းပ၍ ဗုဒ္ဓပူဇာပွဲသဘင်များကို တစ်နိုင်ငံလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ယင်းသို့ ကျင်းပလျက်ရှိရာတွင် ဥပ္ပါတသန္တိစေတီတော်ကြီးအား ဝန်ကြီးဌာနများ၊ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများက ဗုဒ္ဓဒေသနာတော်များဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး ဒေသခံပြည်သူများကလည်း ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြ၍ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း အစရှိသော ကုသိုလ်ပုညများကို ဆည်းပူးကြလျက်ရှိရာ စေတီတော်ကြီး၌ အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရှိရသည်။

ထို့အတူ နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်တွင် ဝန်ထမ်းများ၊ မိသားစုဝင်များသည် စေတီတော်၌ ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်း၊ ဗုဒ္ဓဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာပွားများခြင်း အစရှိသည့် ကုသိုလ်အမှုများကို ဆည်းပူးလျက်ရှိရာ စည်ကားလျက်ရှိသည်။

ကပ်လှူပူဇော်

အလားတူ နေပြည်တော်ပျဉ်းမနားရှိ ဘုရားကိုးဆူ စေတီတော်နှင့် ကိုးခန်းကြီးဘုရားတို့တွင်လည်း ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့) ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်ပြည်သူများသည် သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း ကောင်းမှုများပြုလုပ်၍ ဓမ္မကထိက ဆရာတော်များထံမှ တရားဘာဝနာ နာယူပွားများခြင်းတို့ကို ပြုလုပ်လျက်ရှိကြရာ အထူးစည်ကားလျက်ရှိသည်။

ထို့အတူ နေပြည်တော်ပျဉ်းမနား ရန်အောင်(၂)ရပ်ကွက်ရှိ ကုသိုလ်တော်ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်ကြီး၌ နေပြည်တော်ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၃၂)ကြိမ်မြောက် ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို ညနေပိုင်းတွင် ကျင်းပရာ ဆရာတော် သံဃာတော်များက ဦးဆောင်၍ နေပြည်တော်ပျဉ်းမနားရှိ ရပ်ကွက်အသီးသီးမှ ဗုဒ္ဓဘာသာဝင်ပြည်သူများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး စေတီတော် ပရိဝုဏ်အတွင်း၌ ကောင်းမှုကုသိုလ်များ ပွားများလျက်ရှိကြသည်။

ရွှေတိဂုံစေတီတော်

အလားတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများတွင် ဗုဒ္ဓအခါတော်နေ့များ၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာသဘင်နှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားများ ဆင်ယင်ကျင်းပလျက်ရှိရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၇)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲ အခမ်းအနားကို နံနက် ၆နာရီတွင် ကျင်းပ၍ ရင်ပြင်တော်အင်္ဂါထောင့်ရှိ ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်အား စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဆရာတော် သံဃာတော်များ အမှူးပြု၍ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများက ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ကဆုန်လပြည့်နေ့က နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။ (သတင်းစဉ်)

ဆူးလေစေတီတော်

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် ကျင်းပရာ ရှေးဦးစွာ ပန်းဘဲတန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသုဇာတ ထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များက ပရိဘောဂစေတီ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဗိုလ်တထောင်စေတီတော်

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၏ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၇နာရီတွင် နန်းဦးဘုရားကြီး တန်ဆောင်း၌ကျင်းပပြီး မဟာဗောဓိမဂ္ဂင်မြိုင် ဗောဓိညောင်ပင်အား ဆရာတော် သံဃာတော်များက မဟာဗောဓိဥဒ္ဒကသိဉ္စနပါဠိတော်များ ရွတ်ဖတ်ပူဇော်ကာ ဆရာတော် သံဃာတော်များအမှူးပြု၍ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ညောင်ရေသွန်းလောင်း

မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ မဟာဝိဇယစေတီတော် (၂၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်း ပွဲတော်ကို နံနက် ၈နာရီတွင်လည်းကောင်း၊ ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ရွှေဘုန်းပွင့်စေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နံနက် အရုဏ်တက်တွင်လည်းကောင်း၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်း မင်္ဂလာအခမ်းအနားကို နံနက် ၆နာရီခွဲတွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်၌ တည်ထားကိုးကွယ်သော ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်၌လည်း ဒွါဒသမအကြိမ်မြောက် ညောင်ရေသွန်းလောင်းပွဲတော်ကို နံနက်ပိုင်းတွင်လည်း ကောင်း၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ အကြိမ်(၁၁၀)မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲကို နံနက် ၇နာရီတွင်လည်းကောင်း ဒေဝါဝင်း၊ ရာဇာဝင်းများခင်း၍ ဂေါပကအဖွဲ့ဝင်များ၊ သီလရှင်များ၊ ဝေယျာဝစ္စအသင်းများနှင့် ဝတ်အသင်းများမှ အသင်းသူ အသင်းသားများ၊ ဧည့်သည်တော်များက မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

အလားတူပင် အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ(၁၇)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်း ပွဲတော်ကို အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီး ဘုရားရင်ပြင်တော်ရှိ ဗောဓိညောင်ပင်၌ ကျင်းပရာ ရှေးဦးစွာ ဩဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်၍ သံဃာတော် ၄၅ပါးတို့က ဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်း၍ အရုဏ်အထူးလယ်တီမဟာ သရဏဂုံတော်ကြီးဖြင့် ဓမ္မပူဇာ ပူဇော်ကန်တော့ကြကာ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ကြသည်။

ထို့အတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီး ဘုရား၊ ပုထိုး၊ စေတီများဖြစ်ကြသော မိုးကောင်းစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ မယ်လမုဘုရား၊ ဥက္ကလာပစေတီတော်၊ ကျိုက္ကလို့ ကျိုက္ကလဲ့ စေတီတော်၊ သန်လျင်မြို့ရှိ ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ ခရမ်းမြို့ရှိ သွန်းဘုရားကြီးအပါအဝင် ဘုရား၊ ပုထိုး၊ စေတီတို့၌ ဗုဒ္ဓအခါတော်နေ့များ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာသဘင်နှင့် ပရိဘောဂစေတီထိုက်သော မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ ဒါန၊သီလ၊ဘာဝနာဆည်းပူးခြင်းတို့ဖြင့် ကုသိုလ်ပုညပြုကြသူများဖြင့်အထူးစည်ကားများပြားလျက်ရှိသည်။ **(သတင်းစဉ်)**

ညောင်ရေသွန်းလောင်းပူဇော်

ကဆုန်လပြည့်နေ့က ရွှေတိဂုံစေတီတော်တွင် (၂၇)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကဆုန်လပြည့်နေ့က နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်တွင် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ကဆုန်လပြည့်နေ့က နေပြည်တော်ပျဉ်းမနား ရန်အောင် (၂)ရပ်ကွက်ရှိ ကုသိုလ်တော်ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အာဖဂန်နစ္စတန်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ် အကြမ်းဖက်မှုတန်ပြန်ရေးကိစ္စဆွေးနွေး

နယူးဒေလီ ဧပြီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အိန္ဒိယအရာရှိများအပါအဝင် ၁၇ဦးသေဆုံးစေသည့် အသေခံဗုံးခွဲမှုများဖြစ်ပွားပြီး နှစ်လအကြာတွင် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် အကြမ်းဖက်မှုတန်ပြန်ရေးကိစ္စကို ဆွေးနွေးကြကြောင်း အင်တာနက်သတင်း၌ ဧပြီ ၂၆ရက်က ဖော်ပြထားသည်။

ဆာအက် ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဘူတန်နိုင်ငံသို့မသွားမီ အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်းသည် အိန္ဒိယနိုင်ငံ နယူးဒေလီသို့ ဧပြီ ၂၆ရက်က နှစ်ရက်ကြာခရီးစဉ် စတင်ပြီး အိန္ဒိယနှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံဆက်ဆံမှု ပိုမိုခိုင်မာရေးကို အလေးထားဆွေးနွေးသည်။

အလေးထားဆွေးနွေး

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း၏ အိန္ဒိယခရီးစဉ်အတွင်း ဖေဖော်ဝါရီ ၂၆ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုကိုသာမက တန်ပြန်အကြမ်းဖက်မှုလုပ်ငန်းကိုပါ အလေးထားဆွေးနွေးကြမည်ဟု အာဖဂန်နစ္စတန် သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဝါဟစ်အိုမာကပြောကြားသည်။

ကူညီထောက်ပံ့

အိန္ဒိယနိုင်ငံက အာဖဂန်နစ္စတန် ပြန်လည်တည်ဆောက်ရေးနှင့်တကွ ထောက်ပံ့ရေးကြိုးပမ်းမှုများတွင် အကြီးအကျယ်ပါဝင်သည်။ တာလီဘန် အုပ်ချုပ်ရေးအပြီး အာဖဂန်နစ္စတန်နိုင်ငံသို့ အိန္ဒိယက ဒေါ်လာ တစ်ဘီလီယံ ကူညီထောက်ပံ့ခဲ့သည်။

(အင်တာနက်)

အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်း

အီရန်နှင့်ယူဂန်ဒာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူညီ

တီဟီရန် ဧပြီ ၂၇

အီရန်နှင့် ယူဂန်ဒာသမ္မတတို့ ဆွေးနွေးညှိနှိုင်းမှုနှစ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်စေမည့် သဘောတူစာချုပ်သုံးရပ်ကို လက်မှတ်ရေးထိုးကြသည်။

သဘောတူညီ

သမ္မတအာမက်ဒီနီဂျက်နှင့် ယူဂန်ဒာသမ္မတယိုဝါရီမူဆီဗီနီတို့က ယူဂန်ဒာမြို့တော်တွင် သဘောတူစာချုပ်များကို ဧပြီ ၂၄ ရက်က လက်မှတ်ရေးထိုးကြသည်။ ပထမသဘောတူစာချုပ်တွင် ကျန်းမာရေးနှင့် ဆေးဝါးထုတ်လုပ်ရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပြီး ဒုတိယသဘောတူစာချုပ်တွင် ပြည်ပအကူအညီပေးရေးအစီအစဉ် တိုးမြှင့်ရေးနှင့် တတိယသဘောတူစာချုပ်တွင် အခြားသဘောတူညီချက်များအား ကြီးကြပ်စေမည့် မူဘောင်ဆိုင်ရာ သဘောတူညီချက် ဖော်ဆောင်ရေးတို့ပါဝင်သည်။

ထုတ်ပြန်

ထို့ပြင် နှစ်နိုင်ငံဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် အရင်းအမြစ်များ အသုံးပြုရန် တိုက်တွန်းထားသည့် ပူးတွဲ ကြေညာချက်ကို ထုတ်ပြန်သည်။ **(အင်တာနက်)**

အိန္ဒိယနှင့် ပါကစ္စတန် ဝန်ကြီးချုပ်နှစ်ဦး တောင်အာရှထိပ်သီးဆွေးနွေးပွဲ၌ တွေ့ဆုံမည်

နယူးဒေလီ ဧပြီ ၂၇

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်ဝန်ကြီးချုပ် ယူစွပ်ဂီလာနီတို့သည် (၁၆)ကြိမ်မြောက် တောင်အာရှဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး၌ တွေ့ဆုံဆွေးနွေးကြရန် စီစဉ်ထားကြောင်း အိန္ဒိယသတင်းစာတစ်စောင်က ဧပြီ ၂၆ရက်တွင် ရေးသားဖော်ပြသည်။

ဆိုင်းငံ့ထား

အဆိုပါ ထိပ်သီးအစည်းအဝေးကို ဘူတန်နိုင်ငံ သိမ်ဖူမြို့၌ ဧပြီ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဝန်ကြီးချုပ်များအနေဖြင့် အဆိုပါအစည်းအဝေး၌ နှစ်ဦးနှစ်ဖက်ဆိုင်ရာ အခက်အခဲပြဿနာများအားလုံးကို ထည့်သွင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကား၍ ၄င်းသတင်းစာ၌ ဖော်ပြသည်။

အိန္ဒိယနှင့် ပါကစ္စတန်အစိုးရတို့သည် ၂၀၀၈ခုနှစ် နိုဝင်ဘာလအတွင်း၌ မွမ်ဘိုင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် တစ်နှစ်ကျော်ကြာ နှစ်နိုင်ငံဆက်ဆံရေးကို ဆိုင်းငံ့ထားခဲ့ရာမှ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ ဆွေးနွေးမှုများ ပြန်လည်စတင်ခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မြန်ကြားရေးဌာန

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းမြို့ရှိ ရှန်ဟိုင်းကုန်စည်ပြပွဲတွင် မြန်ကြားရေးဌာန ဖွင့်လှစ်ထားသည်ကို ဧပြီ ၂၇ ရက်ကတွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

တရုတ် ကယ်ဆယ်ရေး အဖွဲ့တစ်ဖွဲ့ လုပ်ငန်းများပြီးစီး

ပေကျင်း ဧပြီ ၂၇

အင်အားပြင်းငလျင်ဒဏ်ခံစားခဲ့ရသည့် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ယူရှုမြို့သို့ စေလွှတ်သည့် တရုတ်ကယ်ဆယ်ရေးအဖွဲ့များအနက် တစ်ဖွဲ့ဖြစ်သည့် တရုတ်နိုင်ငံတကာရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့(စီအိုင်အက်စ်အေအာရ်)သည် လုပ်ငန်းတာဝန်များပြီးဆုံး၍ ပေကျင်းမြို့သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း ဧပြီ၂၆ရက်တွင် ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပါဝင်ဆောင်ရွက်ခဲ့

အဆိုပါ ၁၂ရက်တာ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ထောက်ပံ့ရေးပစ္စည်းတန်၁၀၀ကျော်ပေးအပ်ပြီး ဒဏ်ရာရရှိသူ ၁၅၀၇ဦးအား ဆေးဝါးကုသပေးသည့်အပြင် အမေရိကန်ဒေါ်လာ ၅၈၅၈၁၁တန်ဖိုးရှိ ဆေးဝါးနှင့် ဆေးဝါးကိရိယာများကိုလည်း ဖြည့်ဆည်းပေးခဲ့ကြောင်း ယင်းသတင်း၌ဖော်ပြသည်။ ၂၀၀၁ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် ထိုအဖွဲ့သည် ၂၀၀၈ခုနှစ်၌ စီချွမ်ငလျင်၊ ယခုနှစ်အတွင်း ဟေတီငလျင်နှင့် ၂၀၀၄ခုနှစ် အိန္ဒိယသမုဒ္ဒရာဆူနာမီဘေးဆိုးများ ကြုံတွေ့စဉ် ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကူဝိတ်နိုင်ငံ၏မြို့တော် ကူဝိတ်စီးတီး၌ သီရိလင်္ကာယဉ်ကျေးမှု သီတင်းပတ်ပွဲတော်ကျင်းပလျက်ရှိရာ သီရိလင်္ကာကချေသည်များ၏ ဖျော်ဖြေတင်ဆက်မှုကို ဧပြီ၂၆ရက် က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နေတိုးရဟတ်ယာဉ်ပစ်ချခံရ၍ ၁၃ဦးသေဆုံး

ကဘူးလ် ဧပြီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း မာရာပြည်နယ်၌ ဧပြီ ၂၄ရက်က နေတိုးရဟတ်ယာဉ်တစ်စင်း ပစ်ချခံရသဖြင့် နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၃ဦးသေဆုံးကြောင်း တာလီဘန်စစ်သွေးကြွများကပြောကြားသည်။

ကြေညာ

ယင်းနေတိုးရဟတ်ယာဉ်ပစ်ချခံရမှုမှာ သေချာကြောင်း၊ သို့သော် အကြောင်းရင်းကို မသိရသေးကြောင်း၊ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အာဖဂန်အရာရှိများကပြောကြားသည်။ အာဖဂန်နစ္စတန်၌ ယခုအချိန်တွင် နိုင်ငံခြားတပ်ဖွဲ့ဝင်ပေါင်း ၁၂၀၀၀၀ ကျော်ရှိနေပြီး အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင် ၃၀၀၀၀ကျော် ထပ်မံတပ်ဖြန့်ချထားဦးမည်ဟု ကြေညာသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့တွင်ကားဗုံးပေါက်ကွဲ တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ မန်ဆူခရိုင်တွင် ဧပြီ၂၅ရက်နံနက်ပိုင်းက ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။

ပျက်စီးသွား

ဘဂ္ဂဒက်မြို့ မန်ဆူခရိုင်ရှိ စစ်ဆေးရေးဂိတ်ကို ကားဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး တစ်ဦးသေဆုံးကာ ငါးဦးဒဏ်ရာ ရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ဆင်ဟွာသတင်းဌာနနှင့် အနည်းဆုံး မီတာ၁၀၀အကွာတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အနီးအနားရှိကားသုံးစီးလည်း ပျက်စီးသွားကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

သေဆုံး

ဧပြီ ၂၃ရက်ကလည်း အန်ဘာပြည်နယ်အနောက်ပိုင်းနှင့် ဘဂ္ဂဒက်မြို့တို့၌ လမ်းဘေးဗုံးနှင့် ကားဗုံးများပေါက်ကွဲသဖြင့် လူ ၆၀ထက်မနည်း သေဆုံးကာ ၁၁၇ဦး ဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

ဓာတ်ပုံပြပွဲ

ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်း၌ တောင်ဗီယက်နမ်လွတ်မြောက်မှု (၃၅)နှစ်မြောက် အထိမ်းအမှတ် ဓာတ်ပုံပြပွဲတစ်ရပ် ကျင်းပနေသည်ကို ဧပြီ ၂၆ရက်ကတွေ့ရစဉ်။

(ယင်းဓာတ်ပုံပြပွဲတွင် ဗီယက်နမ်က အမေရိကန်တို့ကို တိုက်ထုတ်ခဲ့စဉ်အတွင်း ရိုက်ကူးခဲ့သော ဓာတ်ပုံ ၁၀၀ကျော် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဆိုမာလီပင်လယ်ဓားပြရှစ်ဦး ပြင်သစ်ရေတပ်ဖမ်းဆီး

မက်ဒရစ် ဧပြီ ၂၇

ဆိုမာလီပင်လယ်ကမ်းလွန်ဒေသတွင် ပင်လယ်ဓားပြများဟု သံသယရှိသူရှစ်ဦးအား ပြင်သစ်ရေတပ်က ဖမ်းဆီးခဲ့သည်ဟု ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

ဖျက်ဆီးနိုင်ခဲ့

ပင်လယ်ဓားပြနှိမ်နင်းရေးဆိုင်ရာ အတ္တလန်တာစစ်ဆင်ရေးအတွင်း ရာဇဝတ်ပြစ်မှုကျူးလွန်သူ ၂၅၀အပါအဝင် လူဆိုးဂိုဏ်း ၂၁ဖွဲ့ကို ဖမ်းဆီးနှိမ်နင်းနိုင်ခဲ့ပြီး ပင်လယ်ဓားပြစက်လှေ အစင်း၃၀နှင့် သင်္ဘော ၁၁စင်းကို ဖျက်ဆီးနိုင်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အိန္ဒိယသမုဒ္ဒရာနှင့် ဧဒင်ပင်လယ်ကွေ့တို့တွင် နိုင်ငံတကာရေတပ်မှ ကာကွယ်ရေးတာဝန်ချထားသည့်ကြားမှပင် ပင်လယ်ဓားပြများက မကြာသေးမီအတွင်း တိုးမြှင့်လှုပ်ရှားလာကာ ပြန်ပေးဆွဲထားသူများထံမှ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာကို တောင်းယူခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

အာရေဗျ လေယာဉ်တစ်စင်း ကရာချိတွင် အရေးပေါ်ဆင်းသက်

အစ္စလမ္မာဘတ် ဧပြီ ၂၇

အာရေဗျလေကြောင်းဌာနမှ လေယာဉ်တစ်စင်းသည် ပါကစ္စတန်တောင်ပိုင်းရှိ ကရာချိလေဆိပ်၌ ဧပြီ ၂၅ရက် ညနေပိုင်းက အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း လေကြောင်းပျံသန်းရေး အာဏာပိုင်အဖွဲ့(စီအေအေ)က ပြောကြားသည်။

အရေးပေါ် ဆင်းသက်ခဲ့ရ

ယင်းလေယာဉ်ပေါ်တွင် ခရီးသည် ၁၅၅ ဦးနှင့် လေယာဉ်ဝန်ထမ်းများ စီးနင်းလာကြပြီး ရှာဂျာမြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းသို့ ပျံသန်းလာစဉ် ကုန်ပစ္စည်းထားသည့်အခန်းမှ မီးခိုးများထွက်လာသည်ကို လေယာဉ်မှူးက တွေ့ရှိခဲ့သဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ (အင်တာနက်)

ပါရှန်ပင်လယ်ကွေ့အတွင်း အီရန်ဒုံးကျည်ထပ်မံစမ်းသပ်ပစ်လွှတ်

ပေကျင်း ဧပြီ ၂၇

အီရန်အစိုးရသည် စစ်ရေးလေ့ကျင့်မှုကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ရက်၌ ဖျက်အားပြင်း ဒုံးကျည်ငါးစင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

တန်ပြန်တိုက်ခိုက်ရန်

အဆိုပါစမ်းသပ်မှုကို ပါရှန်ပင်လယ်ကွေ့နှင့် ဟောမုဇ်ရေလက်ကြားတို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ကျူးကျော်ရန်စမှုမှန်သမျှကို တန်ပြန်တိုက်ခိုက်ရန်အတွက် ကာကွယ်ရေးဆိုင်ရာစစ်ဆင်ရေးများကို အကွက်ချစီစဉ်ထားရှိကြောင်း အီရန်စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။

စစ်ရေးလေ့ကျင့်မှု

ယင်းဒေသ၌ စစ်ရေးလေ့ကျင့်မှုများကို ဧပြီ၂၂ရက်မှ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အီရန်ရေတပ် တပ်ဖွဲ့ဝင်များ၏ အသင့်အနေအထား ရှိမှုကို မြှင့်တင်ရန်ရည်ရွယ်၍ အဆိုပါစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခြင်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

ဖွံ့ဖြိုးဆဲနိုင်ငံများအား အာဏာပိုပေးရန် ကမ္ဘာ့ဘဏ်ဆုံးဖြတ်
တရုတ်နိုင်ငံ တတိယမဲအများဆုံးပေးခွင့်ရ နိုင်ငံဖြစ်လာ

ဝါရှင်တန် ဧပြီ ၂၇

ထွန်းသစ်စနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား အာဏာပိုပေးရန် ကမ္ဘာ့ဘဏ်အဖွဲ့ဝင်နိုင်ငံများက ဧပြီ ၂၅ရက်က သဘောတူညီမှုတစ်ရပ် ရရှိသွားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

မဲပေးခွင့်

အဆိုပါသဘောတူညီချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ဆန္ဒမဲပေးခွင့် ၂ဒသမ၇၇ရာခိုင်နှုန်းမှ ၄ဒသမ၄၂ရာခိုင်နှုန်း အထိ တိုးတက်ရရှိသွားပြီး ဝါရှင်တန်အခြေစိုက်ကမ္ဘာ့ဘဏ်တွင် တတိယမဲအများဆုံးပေးပိုင်ခွင့်ရှိသည့်နိုင်ငံ ဖြစ်လာသည်။

ကမ္ဘာ့ဘဏ်တွင် ပထမမဲအများဆုံးပေးပိုင်ခွင့်ရှိသည့်နိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်ပြီး ဒုတိယမဲအများဆုံးပေးပိုင်ခွင့်ရှိသည့် နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ကြောင်း ဆင်ဟွာကဖော်ပြထားသည်။

အလှည့်အပြောင်း

ကမ္ဘာ့ဘဏ်မှာ ယခုအခါ အလှည့်အပြောင်းကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဤနိုင်ငံတကာအဖွဲ့အစည်းတွင် ဖွံ့ဖြိုးဆဲ နိုင်ငံများအား ပြောရေးဆိုခွင့်ပိုမိုပေးမည်ဟူသော ကတိကို ဘဏ်အစုရှယ်ယာဝင်များက လေးစားလိုက်နာရမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ ရောဘတ်ဇိုလစ်က ပြောကြားသည်။

ကြိုဆို

ထိုသို့သော ကမ္ဘာ့ဘဏ်၏အလှည့်အပြောင်းကို ကြိုဆိုကြောင်း တရုတ်ဘဏ္ဍာရေးဝန်ကြီး စီရှုယင်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒါဖာနှင့် ဆူဒန်နယ်စပ်၌ တိုက်ပွဲဖြစ်
၅၈ ဦးသေဆုံး

ခါတွန် ဧပြီ ၂၇

ဆူဒန်တောင်ပိုင်းတပ်ဖွဲ့နှင့် အနောက်ပိုင်း ဒါဖာဒေသရှိ အာရပ်အိမ်ခြေရာခြေမဲ့သူများ တိုက်ပွဲဖြစ်ပွားခဲ့ရာ ၅၈ဦး ထက်မနည်းသေဆုံးပြီး အခြား ၈၅ဦး ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဧပြီ ၂၆ရက်ကဖော်ပြသည်။

တိုက်ခိုက်

ဒါဖာနှင့် ဆူဒန်တောင်ပိုင်းဒေသရှိ နယ်စပ်တစ်လျှောက်တွင် ယင်းအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားသည်ဟု ရီဇေဂက်လူမျိုးအုပ်စု အကြီးအကဲ အစ်ဆာအလီယူက ပြောကြားသည်။

ဦးတည်သွားလာ

ရီဇေဂက်အုပ်စုဝင် အများအပြားက အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာနေရာသို့ အကူအညီပေးရန် ဦးတည်သွားလာနေကြကြောင်း၊ တောင်ပိုင်းဆူဒန်တပ်ဖွဲ့ဝင်များနှင့်လည်း ရာဂျာ၊ အေဝဲလ်၊ ဝါယူမြို့များမှ တပ်ကူအဖြစ်လာရောက်ကြသည်ဟု လီယူက ပြောကြားသည်။

ပြောကြား

အာရပ် အိမ်ခြေရာခြေမဲ့သူများက ၎င်းတို့မွေးထားသည့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ရေနှင့်မြေ ရှာဖွေလျက်ရှိသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

(အင်တာနက်)

မြေငလျင်ဒဏ် ခံစားခဲ့ရသည့် ချီလီနိုင်ငံ၌ ကလေးငယ်များ ကျောင်းပြန်တက်

စန်တီယာဂို ဧပြီ ၂၇

ချီလီနိုင်ငံတွင် ဖေဖော်ဝါရီ ၂၇ရက်က မြေငလျင်လှုပ်ခဲ့သဖြင့် ပုံမှန်ကျောင်းတက်ရက် ပျက်ကွက်ခဲ့ရသည့် ကလေးငယ်များသည် ဧပြီ၂၆ရက်က ကျောင်းများပြန်လည်တက်ရောက်ကြပြီဖြစ်သည်။ ကျောင်းပြန်လည်ဖွင့်လှစ်သည့် အခမ်းအနားသို့ သမ္မတဆီဘာစတီယန်ပင်နယ်ရာနှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ကြသည်။

တက်ရောက်

သမ္မတပင်နယ်ရာနှင့် ပညာရေးဝန်ကြီး ဂျိုအာကွင်လာဗင်တို့က ယာယီဖွင့်လှစ်ထားသည့် ကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခွင့်အရေး

မိမိတို့အနေဖြင့် မျှော်မှန်းချက်နှင့် မစ်ရှင်လုပ်ငန်းအပါအဝင် ပေးထားသည့်ကတိကဝတ်ကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယခုအခါ ကလေးငယ်အားလုံး ကျောင်းတက်နိုင်သည့်အခွင့်အရေး ရရှိခဲ့ကြကြောင်း စသည်ဖြင့် သမ္မတပင်နယ်ရာက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်၌ တရုတ်ပြည်မကြီးနှင့် ကျီမင်ကျွန်းတို့ကို ဆက်သွယ်ထားသော ပထမဆုံးရေအောက်ဥမင်လမ်းဖွင့်ပွဲကို ဧပြီ ၂၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဘရာဇီးတောင်ပိုင်း၌ မုန်တိုင်းဆက်လက်တိုက်ခတ် လူပေါင်း ရာနှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ကြရ

ရီယိုဒီဂျနေးရိုး ဧပြီ ၂၇

ဘရာဇီးနိုင်ငံတောင်ပိုင်း၌ ဧပြီ ၂၆ရက်အထိ မုန်တိုင်းဆက်လက်တိုက်ခတ်နေသဖြင့် လူပေါင်းရာနှင့်ချီကာ အိုးမဲ့အိမ်မဲ့ဖြစ်နေကြရပြီး မိသားစုဝင် ၅၄၀၀၀အထိ မုန်တိုင်းဒဏ်ခံစားနေကြရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကြေညာ

အဆိုပါမုန်တိုင်းသည် ဘရာဇီးနိုင်ငံ ဆန်တာကာတရီနာပြည်နယ်၌ ဧပြီ ၂၂ရက်မှစတင်၍ တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဒေသရှိ စည်ပင်သာယာနယ်နိမိတ်ရှစ်ခုအတွင်း အရေးပေါ်ကြေညာချက် ထုတ်ပြန်ထားရသည်ဟုဆိုသည်။

ပြိုလဲ

မုန်တိုင်းကြောင့် ခုနစ်ဦးဒဏ်ရာရရှိခဲ့ပြီး သေဆုံးမှုမရှိကြောင်း သိရသည်။ ထို့ပြင် ပြည်နယ်အတွင်းရှိ နေရာအတော်များများတွင် ရေကြီးပြီး အဝေးပြေးလမ်းမလေးခုနှင့် ပြည်ထောင်စုအဝေးပြေးလမ်းမကြီးတစ်ခုတို့၌ မြေပြိုသဖြင့် အသွားအလာပြတ်တောက် လျက်ရှိသည်။ ယင်းဒေသ၌ ဧပြီ ၂၇ရက်အထိ မုန်တိုင်းဆက်လက် တိုက်ခတ်ဖွယ်ရှိကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

အမေရိကန်က အိန္ဒိယသို့ စီ-၁၇လေယာဉ်များရောင်းချမည်

အမေရိကန်နိုင်ငံက အိန္ဒိယနိုင်ငံသို့ စစ်ဘက်ထောက်ပံ့ရေးသုံး ဘိုးရင်း စီ-၁၇ လေယာဉ်များရောင်းချပေးမည်ဖြစ်ကြောင်း၊ ယင်းလေယာဉ်များအတွက် လေယာဉ်မှူးများကိုလည်း လေ့ကျင့်ပေးမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်အရာရှိများက ဧပြီ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

ဟားမတ်စ်အရာရှိတစ်ဦးအား အစ္စရေးတို့ပစ်သတ်

ပါလက်စတိုင်းအနောက်ဘက်ကမ်းရှိ ဂါဇာကမ်းမြောင်ဒေသ၌ ဟားမတ်စ်အဖွဲ့အရာရှိတစ်ဦးအား အစ္စရေးတပ်ဖွဲ့များက ဧပြီ ၂၆ရက်တွင် ဝင်ရောက်စီးနင်းပြီး ပစ်သတ်ခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ဧပြီ ၂၇ရက်၌ ပြောကြားသည်။

မဟာတံတိုင်း အစိတ်အပိုင်းအား ပြုပြင်မည်

တရုတ်နိုင်ငံရှိ သမိုင်းဝင်မဟာတံတိုင်းကြီးအား ခုနစ်လကြာအောင် ပညာရှင်များက စစ်ဆေးပြီးနောက် အန္တရာယ်ဖြစ်နိုင်သည့် အနေအထားရှိသော အရှည်ကီလိုမီတာ ၆၂၀ အစိတ်အပိုင်းအား ပြုပြင်သွားမည်ဖြစ်ကြောင်း၊ ယင်းအစိတ်အပိုင်းသည် ကျီနန်မြို့အနီးမှ ကျန့်တောင်မြို့အကြား မဟာတံတိုင်းအစိတ်အပိုင်းဖြစ်ကြောင်း တရုတ်အင်ဂျင်နီယာများက ဧပြီ ၂၇ရက်၌ ပြောကြားသည်။

နယူးဇီလန်လေတပ်မှလေယာဉ်ပျက်ကျ

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့မြောက်ပိုင်းတွင် ဧပြီ ၂၆ရက်က နယူးဇီလန် လေတပ်မှလေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦးသေဆုံး ခဲ့ကြောင်း၊ လေယာဉ်မှာမတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း နယူးဇီလန်စစ်ဘက်က ဧပြီ ၂၇ရက်၌ ပြောကြားသည်။

အီရန်က ဒုံးကျည်အများအပြားထုတ်လုပ်မည်

အီရန်နိုင်ငံက ရေတပ်သုံးဒုံးကျည်အမျိုးအစားမျိုးစုံကို ပြည်တွင်း၌ မကြာမီ ထုတ်လုပ်တော့မည်ဖြစ်ကြောင်း၊ ယင်းဒုံးကျည်များမှာ ကမ်းခြေမှပင်လယ်ပြင် မည်သည့် နေရာကိုမဆို ပစ်ခတ်ရောက်ရှိနိုင်သည့် အမျိုးအစားများဖြစ်ကြောင်း စစ်ဘက်အရာရှိများက ဧပြီ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

အီရန်အပေါ်အင်အားသုံးမှု ကူဝိတ်ဆန့်ကျင်

အီရန်နျူကလီးယားကိစ္စနှင့်ပတ်သက်ပြီး အင်အားသုံးအရေးယူမှုကို ကူဝိတ်က အမြဲတမ်းဆန့်ကျင်သွားမည်ဖြစ်ကြောင်း ကူဝိတ်စော်ဘွား အယ်လ်ဆာဘတ်က ဧပြီ ၂၇ရက်၌ ပြောကြားသည်။

ရုရှားတတိယမြောက်စစ်ဘက်ဂြိုဟ်တု လွှတ်တင်

ရုရှားအစိုးရသည် စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုတစ်စင်းကို ဧပြီ၂၇ရက် နံနက်ပိုင်း၌ အာကာသအတွင်းသို့ လွှတ်တင်လိုက်ကြောင်း၊ ယင်းသည် ယခုနှစ်အတွင်း ရုရှားနိုင်ငံက လွှတ်တင်သည့် တတိယမြောက်စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုတစ်စင်းဖြစ်ကြောင်း ရုရှားလေတပ်က ပြောကြားသည်။ (အင်တာနက်)

ဒမ၊ အဘေဇ္ဇသမာဓိ၊ အပျုဂ္ဂတာနှင့် ပုရိသပရက္ကမ အင်္ဂါလေးရပ်နှင့်အညီ နိုင်ငံတော်အကျိုး သယ်ပိုးဆောင်ရွက်

နေပြည်တော် ဧပြီ ၂၇

၁၃၇၂ခုနှစ် ကဆုန်လပြည့်နေ့ ၂၀၁၀ခုနှစ် ဧပြီ ၂၇ရက်(အင်္ဂါနေ့)တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ် အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသော ၂၀၁၀ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား၌ နိုင်ငံတော် ဩဝါဒါစရိယ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိမလာဘိဝံသ ချီးမြှင့်ဖတ်ကြားတော်မူသော သမ္မောဒနီယဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သာသနာတော်နှစ် ၂၅၅၃ခု၊ ကောဇာသက္ကရာဇ် ၁၃၇၂ခု၊ ကဆုန်လပြည့်၊ ခရစ်နှစ် ၂၀၁၀၊ ဧပြီလ ၂၇ရက်၊ အင်္ဂါနေ့၊ ဤနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ ကျင်းပနေဆဲနေ့ဖြစ်သည်။ ရှေးရှေး ပုဂံခေတ်မှစ၍ ယနေ့တိုင်အောင် မြန်မာနိုင်ငံတော် မင်းအဆက်ဆက်၊ အစိုးရအဆက်ဆက်တို့ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်လာသောပွဲကို ယခုနိုင်ငံတော်အစိုးရတို့က နှစ်စဉ်ပြုလုပ်နေခြင်းသည် မြတ်စွာဘုရား ဟောပြအပ်သော ရာဇအပရိဟာနိယတရားနှင့် ကိုက်ညီနေသဖြင့် မြတ်စွာဘုရား ဟောပြညွှန်ကြားအပ်သော ရာဇအပရိဟာနိယ တရားကို လိုက်နာကျင့်သုံးရာ ရောက်သောကြောင့် "မင်းတည်းဟူသည် ပြည်သူများအာ ဥက္ကဋ္ဌ" ဟုဆိုသည့်အတိုင်း မိဘနှင့် သားသမီးဟု ဆိုနိုင်သည့် နိုင်ငံတော်အစိုးရလူကြီးမင်းများနှင့်တကွ နိုင်ငံတော်သူ နိုင်ငံတော်သား အားလုံးတို့၏ ရာထူးဂုဏ်သိန် စည်းစိမ်ချမ်းသာ ဆန်ရေစပါး စသည် လျော့ပါးခြင်းမရှိ တိုးတက်ပေါများ ကြီးပွားချမ်းသာခြင်းသာဖြစ်မည်ဟု လှိုက်လှဲဝမ်းသာ မှတ်ယူကြစေလိုသည်။

အထူးအားဖြင့်-

၁။ ဒမ = အကြီးအကဲဖြစ်သူကိုယ်တိုင်က မိမိကိုယ်ကို ဆုံးမခြင်းဟု ဆိုအပ်သော လုံ့လစိုက်ထုတ်ခြင်း၊

၂။ အဘေဇ္ဇသမာဓိ = စိတ်သဘော ကွဲပြားခြားနားခြင်းမရှိ၊ တစ်စိတ်တစ်ဝမ်းတည်းရှိခြင်း၊

၃။ အပျုဂ္ဂတာ = အကြီးအကဲဖြစ်သူ၏ ညွှန်ကြားချက်လုပ်ငန်း ဆောင်ရွက်ရာ၌ စိတ်အားဖြင့် လုပ်ငန်းမှ တခြား ပုံ့လွင့်ခြင်းမရှိ၊ ကိုယ်အားဖြင့် တစ်စုစီ တစ်ဖွဲ့စီ ကွဲပြားခြင်းမရှိ၊ တလုံးတစည်းတည်း ဆောင်ရွက်ခြင်း၊

၄။ ပုရိသပရက္ကမ = ကိုယ်ရောစိတ်ပါ ညီညွတ်စွာ ဆောင်ရွက်ရာ၌ ယောကျ်ားတို့ လုံ့လ ဝီရိယစွမ်းအား ဖွဲ့သတ္တိခိုင်မာ ထက်သန်စွာ ထားရှိခြင်းအားဖြင့် -

ဤအရည်အချင်း ဂုဏ်အင်္ဂါလေးရပ်နှင့်ပြည့်စုံစွာ ဆောင်ရွက်ကြရန် ဩဝါဒပေးပါသည်။

အဆိုပါ ဂုဏ်အင်္ဂါလေးရပ်နှင့်ကိုက်ညီစွာ ဆောင်ရွက်ကြသဖြင့် သိကြားမင်းကိုယ်တိုင်က ရှုံးနိမ့်လိမ့်မည်ဟု အဟောခံထားရသော အသုရာမင်းက အောင်နိုင်ကြီးအောင်နိုင်ခဲ့ပြီး အောင်နိုင်လိမ့်မည်ဟု အဟောခံထားရသော ကာလိင်္ဂမင်းသည် အရှုံးကြီးရှုံးနိမ့်ကာ ထွက်ပြေးသွားခဲ့ရကြောင်း၊ သိကြားမင်း အဟောမှားခဲ့ကြောင်း သာဓကရှိပါသည်။

(အကျယ်ကို စတုက္ကနိပါတ်၊ ကာလိင်္ဂဝဂ်၊ စူဠကာလိင်္ဂဇာတ် ပါဠိအဋ္ဌကထာ၌ ကြည့်ရှုကြပါ)

ဆိုအပ်ခဲ့သော ၁-ဒမ၊ ၂-အဘေဇ္ဇသမာဓိ၊ ၃-အပျုဂ္ဂတာ၊ ၄-ပုရိသပရက္ကမ အင်္ဂါလေးရပ်နှင့်အညီ နိုင်ငံတော်အကျိုး သယ်ပိုးဆောင်ရွက်ကြပါဟု တိုက်တွန်းလျက် ဆရာတော်၏ ဩဝါဒကထာစကားရပ်ကို အနားသတ်လိုက်ပါသတည်း။ ။

ဘဒ္ဒန္တဝိမလာဘိဝံသ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြသည်။

ကြည်ညို

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သာသနာပြုဘွဲ့ ရရှိကြသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်များ၊ တပည့် ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဖျော်ဖြေ

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနား မစတင်မီ ညနေ ၃ နာရီခွဲမှစတင်၍ ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့က ဓမ္မပူဇာတေးသီချင်းများကို သီကျူး တီးခတ်ပူဇော်သည်။

နေရာချထား

ထို့နောက် ညနေ ၄နာရီတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား တာဝန်ရှိသူများက သာသနာ့မဟာဗိမာန်တော်ကြီး၏ သတ်မှတ်ထားသည့်နေရာတွင် ကြိုတင်ပင့်ဆောင်ထားကြပြီး ကျန်ဘွဲ့ခံ ဆရာတော်များ၊ သီလရှင်ဆရာကြီးများနှင့် သာသနာပြုဘွဲ့ရ လူပုဂ္ဂိုလ်များအား သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ သတ်မှတ်နေရာအသီးသီးတို့၌ နေရာချထားပေးကြသည်။

ပင့်ဆောင်လာ

ယင်းနောက် ညနေ ၄ နာရီ မိနစ် ၂၀တွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာ့မဟာဗိမာန်တော်ကြီး မင်္ဂလာနတ်လမ်းအတိုင်း သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းသို့ ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာကြရာ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သာသနာ့အလံကို ကိုင်ဆောင်လျက်လည်းကောင်း၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က အောင်သပြေစိုက်ငွေဖလားကို ပိုက်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမောင်နီက နိုင်ငံတော် သံဃမဟာနာယက ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက်လည်းကောင်း နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ပင့်ဆောင်လာကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက တိပိဋကဓရ တိပိဋကကောဝိဒ ဆိုင်းဘုတ်ကိုကိုင်ဆောင်လျက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆မှ

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဦးကြင်ခိုင်က အဘိဓဇမဟာရဋ္ဌဂုရု ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော်ကြီးသုံးပါးတို့အားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးထိန်လင်းက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီးသုံးပါးတို့အား လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်က တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး နှစ်ပါးတို့အားလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသိန်းက အဂ္ဂမဟာပဏ္ဍိတဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး (၁၁)ပါးတို့အား လည်းကောင်း ၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်းက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး (၇)ပါးတို့အား လည်းကောင်း ပင့်ဆောင်လာကြပြီး လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းစိုးက ပန်းမိုးရွာလျက် နောက်ဆုံးမှ လိုက်ပါပူဇော်လာသည်။

ယင်းကဲ့သို့ ဆရာတော်ကြီးများအား မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာကြရာတွင် နိုင်ငံတော်ဆိုင်းအဖွဲ့က ရောင်ခြည်တော်ဘွဲ့သီချင်းကြီးဖြင့် ငြိမ့်ညောင်း သာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် သာသနာ့ မဟာဗိမာန်တော်ကြီးအတွင်း သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူထားကြသော ပရိသတ်များကလည်း လက်အုပ်ချီမိုးလျက် ရှိခိုးဂါရဝပြု ကြည်ညိုကြသည်။

ယင်းနောက် မဟာမင်္ဂလာအခမ်းအနားကို ညနေ ၄နာရီခွဲတွင် စတင်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ကြသည်။

သီဆိုပူဇော်

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် စန်းနီလာဝင်းက ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ ထူးမခြားနား သီချင်းခံကို မြန်မာ့ရိုးရာမင်္ဂလာ ရွှေစောင်းနှင့်တွဲဖက်၍ သီဆိုပူဇော်သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကိုက အခမ်းအနားဖွင့် စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဓမ္မိကာရာမကျိုက်ပိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဝိမလာဘိဝံသက သမ္ဗောဒနီယ ဩဝါဒကထာကို ချီးမြှင့်ဖတ်ကြားတော်မူသည်။

(သမ္ဗောဒနီယ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမ(အရှေ့တိုက်) ဆရာတော် ဘဒ္ဒန္တနေမိန္ဒနှင့် နေပြည်တော် တပ်ကုန်း ငွေတောင်တောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသိရီနှင့် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် မကွေးတိုင်း ကံမမြို့နယ် ထုံးကြီးကျေးရွာ ထုံးကြီးတောင် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက်ရှိ ဓမ္မိကာရုံပါဠိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒကနှင့် မကွေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့် ကျောင်းဆရာတော် ဘဒ္ဒန္တတိလောကတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဓွန်းလွန်း ဂူဝိပဿနာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုန္ဒရနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ တိပိဋကနိကာယကျောင်းတိုက်မှ ဘဒ္ဒန္တ ကုန္ဒပါလတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကန္ဒီမြို့ (Malwatta) မယ်ဝတ္တကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒထေရ် (Ven. Mahopadyaya Aluthgama Dhammananda Thero)၊ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် ဦးဇာဂရကြီးကျောင်းဆရာတော် ဘဒ္ဒန္တသောဘဏာဘိဝံသနှင့် သထုံမြို့ အောက်ကျင်းရပ်ကွက် ဓမ္မမေဒနီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏောသူရိယတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးဉာဏ်ထွန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်(၃)ပါးနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၃)ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစက ပဏ္ဍိတနှင့် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာနွယ်ဝင် သီလရှင် ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင် သီလရှင်စာသင်တိုက် သီလရှင် ဆရာကြီး ဒေါ်ဉာဏောဘာသီနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ကမ္ဘာအေးချောင် မျိုးရင်ရင် စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ပညာသီရီ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဆသိရာဓမ္မစ်အသံဖောင်ဒေးရှင်းမှ မေချီဆန်း ဆန်နီး ဆသိရဆုတနှင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သာသနာ့ဂုဏ်ရည် သီလရှင် စာသင်တိုက်နှင့် သီလရှင်သင် ပညာရေးကျောင်း သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီ တို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဓမ္မိကာရုံ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဉာဏဝတီ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ သဒ္ဓမ္မရံသီ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ကုလဝတီနှင့် တနင်္သာရီတိုင်း ထားဝယ်မြို့ ရတနာမာရ်အောင် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်တိက္ခဝတီတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိသည့် မကွေးတိုင်း ရေစကြိုမြို့ ဇေယျမေဒနီမြို့မ ပရိယတ္တိစာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကုလစာရီ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ချမ်းမြေ့မဥ္ဇရီ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်နန္ဒီနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကျေးရွာ ကမ္ဘောဇသိင်္ဂီ အမှတ်(၁) သီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏသိင်္ဂီတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

အပ်နှင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း ကလေးမြို့မှ ဦးဗိုလ်ကလေး(ခ)ဦးဗိုလ်သောင်းနှင့် ဘရာဇီးနိုင်ငံမှ Mr. Ricardo Vieira Sasaki Rio de Janeiro;RJ တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ရတနာမြတ်သုံးပါးကို ဦးထိပ်ထားလျက် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အနန္တကျေးဇူးတော်ရှင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား-

ရှင်ကြည်အားရ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော် ဥပ္ပါတသန္တိကုန်းမြေ သာသနာ့ မဟာဗိမာန်တော်ကြီး၌ ယနေ့ကျင်းပပြုလုပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကြီးသို့ ပင်ပန်းနွမ်းနယ်မှုကို အလေးမထားဘဲ သာသနာတော်မြတ်ကြီးကို ပူဇော်ချီးမြှောက်လိုသော သမ္မာဆန္ဒဖြင့် ကြွရောက်ချီးမြှင့်တော်မူကြသော လဇ္ဇီပေသလ၊ သိက္ခာကာမ ကျေးဇူးတော်ရှင် မဟာထေရ်မြတ်ကြီးများနှင့် ယခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံတော်မူရသော သံဃာတော် အရှင်သူမြတ်များကို ဖူးမြော်ကြည်ညိုခွင့်ရရှိပါသဖြင့် ကုသိုလ်ဇောမနသီ ရှင်ကြည်အားရ ဝမ်းမြောက်လှပါကြောင်း ဦးစွာလျှောက်ထားအပ်ပါသည် ဘုရား။

အဓိကမဏ္ဍိုင်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် သာသနာတော်မြတ်သုံးရပ်သည် နေနှယ်လပမာ ထွန်းတောက်ဝေစည်ဖြာလျက်ရှိနေပါသည် ဘုရား။ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားစေရေးအတွက် သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံ သီတင်းသုံးလျက် သံဃာတော်အချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားရန်၊ သံဃာတော်များသည် ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရနှစ်ပါးကို ကိုယ်စီကိုယ်စီ ချမ်းသာစွာထမ်းဆောင်လျက် သာသနာတော်သုံးရပ်အတွက် အလေးထားဆောင်ရွက်နိုင်ကြစေရန်၊ သံဃာညီညွတ်မှုကို ရှေးရှုဆောင်ရွက်ကြစေရန် စသော ရည်ရွယ်ချက်များကို အခြေခံလျက် ခိုင်ခိုင်မာမာ ဖွဲ့စည်းထားသော ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးသည် ငါးသိန်းကျော်မျှသော ရဟန်းသာမဏေအားလုံးတို့၏ အဓိကမဏ္ဍိုင်ကြီးအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိပါသည် ဘုရား။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါသည် ဘုရား။ နိုင်ငံတစ်ဝန်းလုံးရှိ သာသနာ့ထိပ်ခေါင်တင် ကျေးဇူးတော်ရှင် မထေရ်မြတ်ကြီးများ၏ ဩဝါဒတော်နှင့်အညီ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးနှင့် ပြည်နယ်/ တိုင်း၊ မြို့နယ်၊ ရပ်ကွက် / ကျေးရွာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် အတည်ပြုပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများ အရ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာဟူသည့် သာသနာတော်တစ်ရပ်လုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းကိစ္စများကို သတိရှိရှိ သမာဓိမြဲမြံ ပယ်လှန်အဂတိ ထိမိဆုံးဖြတ် အကျင့်မြတ်များဖြင့် ဆောင်ရွက်တော်မူနေကြပါသည် ဘုရား။

တင့်တယ်ဝင့်ထည်

ထို့အတူ နိုင်ငံတော်အစိုးရ အမှူးရှိသော ဒါယကာပြည်သူတို့သည်လည်း ဓမ္မာပစ္စယာ နှစ်ဖြာနုဂ္ဂဟ အားရရွှင်ပျော် ပူဇော်မှုဖြင့်လည်းကောင်း၊ ဓမ္မစက်နည်းတူ အားကူ အာဏာစက်လိုက်ဖက်ညီစွာ ထောက်ပံ့မှုဖြင့်လည်းကောင်း၊ ဆရာဒကာ ညီညာလက်ယှက် သာသနာတော်မြတ်ကြီးအတွက် မနေမနား ကြိုးစားအားထုတ်ကြသောကြောင့် ဘုရားတပည့်တော်တို့၏

ဘွဲ့တံဆိပ်တော်ရ ...

သာသနာတော်...

ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းကားတိုးတက်ဆုံးသော နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်နေခြင်းပင် ဖြစ်ပါသည် ဘုရား။

အားပေးချီးမြှောက်

ဤသို့ ဆရာတော်ကြီးများ၏ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းရပ်များကို ဆရာဒကာ လက်တွဲဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရအနေနှင့် နှစ်စဉ်ဆောင်ရွက်နေကျ မဟာကုသိုလ်တော်တစ်ရပ်မှာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းပူဇော်ခြင်းပင် ဖြစ်ပါသည် ဘုရား။ သာသနာတော်တွင် ချီးမြှောက်သင့် ချီးမြှောက်ထိုက်သော ပုဂ္ဂိုလ်များအား

ဆွမ်းဆန်စိမ်း လောင်းလှူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့် ဇနီးတို့ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

(သတင်းစဉ်)

28-4 (08-09).pmd 1 4/28/2010, 3:59 AM

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများအား

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းကားတိုးတက်ဆုံးသော နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်နေခြင်းပင် ဖြစ်ပါသည် ဘုရား။

အားပေးချီးမြှောက်

ဤသို့ ဆရာတော်ကြီးများ၏ သာသနာတော် သန့်ရှင်းတည်တံ့

ပြန့်ပွားရေးလုပ်ငန်းရပ်များကို ဆရာဒကာ လက်တွဲဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရအနေနှင့် နှစ်စဉ် ဆောင်ရွက်နေကျ မဟာကုသိုလ်တော်တစ်ရပ်မှာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းပူဇော်ခြင်းပင် ဖြစ်ပါသည် ဘုရား။ သာသနာတော်တွင် ချီးမြှောက်သင့် ချီးမြှောက်ထိုက်သော ပုဂ္ဂိုလ်များအား ချီးမြှောက်ခြင်းမှာ ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော-ဆိုသည့်အတိုင်း ပုဂ္ဂိုလ်၏ ထူးခြားမှုကို အသိအမှတ်ပြုစေခြင်း ဖြစ်သလို သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အားပေးချီးမြှောက်ရာလည်း ရောက်ပါသည် ဘုရား။

ဘုရားရှင် ပရိနိဗ္ဗာန်စံယူတော်မူခဲ့သည့်တိုင် သူတော်ကောင်းတရား ကြာမြင့်စွာ တည်တံ့နိုင်သော အကြောင်း အထောက်အပံ့မှာ သာသနာတော်တွင် ရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည်-

- မြတ်စွာဘုရား၌ ရှိသေမှု တုပ်ဝပ်မှုရှိစွာ နေကြကုန်၏။
- တရား၌ ရှိသေမှု တုပ်ဝပ်မှု ရှိစွာ နေကြကုန်၏။
- သံဃာ၌ ရှိသေမှု တုပ်ဝပ်မှု ရှိစွာ နေကြကုန်၏။

- သီလ သိက္ခာ၌ ရှိသေမှု တုပ်ဝပ်မှုရှိစွာ နေကြကုန်၏။
- အချင်းချင်း၊ ရှိသေမှု တုပ်ဝပ် မှုရှိစွာ နေကြကုန်၏။

အထောက်အပံ့ကောင်း

ဤငါးမျိုးတို့သည် သူတော်ကောင်းတရား ကြာမြင့်စွာ တည်တံ့နိုင်သော အကြောင်း အထောက်အပံ့ ဖြစ်ပေသည်ဟု အသျှင်ကိမိလမထေရ်အား ဘုရားရှင်က မိန့်ကြားတော်မူခဲ့ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော် ကိမိလသုတ်တော်တွင် ဟောကြားထားသဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်းအားဖြင့် သာသနာတော် တည်တံ့ပြန့်ပွားရာ ပြန့်ပွားကြောင်း အထောက်အပံ့ ကောင်းဖြစ်ပါသည် ဘုရား။

ဗုဒ္ဓဘုရားရှင် လက်ထက်တော် အခါက ဘုရားရှင်သည် တပည့်သား ပရိသတ်လေးပါးအနက်မှ သိက္ခာဝါကြီးရင့်သည့်အရာ၊ ပညာကြီးမားသည့်အရာ၊ တန်ခိုးအစွမ်းကြီးမားသည့်အရာ စသည်ဖြင့် အရာဌာနအားလျော်စွာ သင့်လျော်ရာ ဧတဒဂ်ဘွဲ့ထူးတို့ဖြင့် ချီးမြှောက်တော်မူခဲ့ပါသည် ဘုရား။ ထိုသို့ ဘုရားရှင် ချီးမြှောက်မှု အစဉ်အလာကို ရှေးရှေးသော သာသနာပြု မင်းကောင်းမင်းမြတ်များက ဆက်ခံယူခဲ့ကြပြီး မြန်မာမင်းများလက်ထက်တွင် ရာဇာဓိ ရာဇဂုရု အစရှိသော ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည် ဘုရား။ ဆက်လက်၍ မြန်မာနိုင်ငံကို အုပ်ချုပ်သော မင်းအစိုးရတို့က ထိုအစဉ်အလာအတိုင်း အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခဲ့ပါသည် ဘုရား။

ယခု ၂၀၁၀ပြည့်နှစ်၊ ဇန်နဝါရီလ (၄)ရက် ရက်စွဲဖြင့် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၀)ကို ထုတ်ပြန်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် အပ်နှင်းခဲ့ရာ ဘွဲ့တံဆိပ်တော်ရ ရဟန်း သံဃာတော် (၁၁၃)ပါး၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီး (၁၀)ပါးနှင့် သာသနာပြုလူပုဂ္ဂိုလ် (၂)ဦး စုစုပေါင်း (၁၂၅)ဦး ဖြစ်ပါသည် ဘုရား။ ယင်းဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်များအနက် ပြည်တွင်းမှ (၁၀၈)ဦးပါရှိပြီး ပြည်ပနိုင်ငံများမှ (၁၇)ဦးပါရှိသည်ကိုလည်း တွေ့ရှိနိုင်ပါသည် ဘုရား။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းရာတွင် ဆရာတော်အရှင်မြတ်တို့၏ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်နှင့် ပြည့်စုံသည့် သီလဝန္တ၊ ဓိတိမန္တဂုဏ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးအမြတ်ထားလျက် ဆောင်ရွက်ခြင်း သာသနာဟိတရေဂုဏ်၊ မယဉ်ကျေးသေးသူများအား လိမ္မာယဉ်ကျေးစေပြီး လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ခံစားနိုင်အောင် အဆုံးအမ ဩဝါဒပေးချီးမြှောက်ခြင်း ဓမ္မာနုဂ္ဂဟဂုဏ် စသည်တို့ကိုလည်းကောင်း၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာတော်အား စွမ်းအားရှိသမျှ အဘက်ဘက်မှ ကျေးဇူးပြုပူဇော်ခြင်း သာသနဗဟူပကာရဂုဏ် စသည်တို့ကိုလည်းကောင်း ကြည်ညိုလေးစား တန်ဖိုးထားလျက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် အပ်နှင်းခြင်းဖြစ်ပါသည် ဘုရား။

ဤကဲ့သို့ မြတ်လှထူးကဲ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲသည် ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပူဇော်ခြင်းဖြစ်၍ ပူဇာစ ပူဇနေယျ မင်္ဂလာ၊ ဒါနဉ္စမင်္ဂလာ၊ ဂါရဝေါစမင်္ဂလာ၊ သမဏာနဉ္စဒဿန မင်္ဂလာ အစဖြာသည့် ကျက်သရေမင်္ဂလာပေါင်းနှင့်ပြည့်စုံပြီး အန္တရာယ် ခပ်သိမ်း ပပျောက်ငြိမ်းလျက် ကြီးပွားချမ်းသာ သုခအဖြာဖြာ အမှန်ပင် ရရှိကြလိမ့်မည်ဟု ဘုရားတပည့်တော် ယုံကြည်ပါသည် ဘုရား။

တည်တံ့ခိုင်မြဲ

နိုင်ငံတော်အစိုးရ အမှူးရှိသော ပြည်သူ၊ ပြည်သားအပေါင်း သူတော်ကောင်းတို့သည် သာသနာတော်မြတ်ကြီး အစဉ်သဖြင့် သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားနေစေရန် ရည်သန်လျက် သံဃာတော်အရှင်မြတ်များ မိန့်ကြားတော်မူသည့် ဩဝါဒကို ဦးထိပ်ရွက်ပန်ဆင်ကာ ဆရာဒကာ ညီညာလက်တွဲ အားခဲလွှမ်းပို ကုသိုလ်မဟာ စေတနာကဲပုံ လှူဒါန်းပူဇော်မှု အဖုံဖုံတို့ကြောင့် သာသနာတော်မြတ်ကြီးသည် နှစ်ပေါင်း ငါးထောင်မကကြာအောင် အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲ ထွန်းကား တိုးတက်ပါစေသတည်း။ တိုင်းသား ပြည်သူများ ဗိုလ်လူနှင့်တကွ နိုင်ငံတော်ကြီးသည် အနှောင့်အယှက် အခက်အခဲအမျိုးမျိုးမှ ကင်းစင်ပလျက် မျှော်မှန်းထားကြသည့်အတိုင်း အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါစေသတည်း။ ဆရာဒကာ ကုသိုလ်ရှင်အပေါင်းတို့သည် နိဗ္ဗာန်တိုင်သည့်အထိ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေသတည်းဟူ၍ တောင်းဆုပန်လွှာ ပတ္ထနာပြုရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စီမံနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမိသားစု၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ စစ်ရေးချုပ်ရုံးမိသားစု၊ စစ်ထောက်ချုပ်ရုံးမိသားစု၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစေတနာရှင်၊ အလှူရှင်များက သတ်မှတ်နေရာ အသီးသီးတို့မှနေ၍ ဆွမ်းဆန်စီမံအစရှိသော လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည်။

ယင်းသို့ လောင်းလှူကြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်ပြည်သူများသည် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ်အဝင်လမ်းနှင့် စေတီတော်ပတ်လမ်း တစ်လျှောက်တို့ရှိ သတ်မှတ်နေရာ အသီးသီးတို့မှနေ၍ ဆွမ်းဆန်စီမံနှင့် လှူဖွယ်ပစ္စည်းများကို ကြည်ဖြူသဒ္ဓါဖြင့် စည်ကားသိုက်မြိုက်စွာ လောင်းလှူပူဇော်ကြရာ ကြီးကျယ်ခမ်းနားလှစွာသော အလှူဒါနအောင်ပွဲသဘင်မှ ကောင်းချီးနှမော်သာဓုခေါ်သံများသည် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်၌ ဘဝဂ်လျှံလျက်ရှိသည်။ **(သတင်းစဉ်)**

(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ဇနီးတို့ များအား ဆွမ်းဆန်စီမံလောင်းလှူကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စီမံ လောင်းလှူကြစဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီးတို့ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စီမံလောင်းလှူကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စီမံ လောင်းလှူကြစဉ်။
(သတင်းစဉ်)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်တော် ညောင်ရေသွန်းမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၇

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်တော် ညောင်ရေသွန်းမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယတိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညောင်ရေသွန်းလောင်း

ရှေးဦးစွာ မဟာဗောဓိပင်တော်၌ ညောင်ရေသွန်းမင်္ဂလာ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက မဟာဗောဓိပင်တော်ကို အမွှေးနံ့သာရည် ပက်ဖျန်းကာ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များက ညောင်ရေသွန်းလောင်းပူဇော်ကြပြီး အခမ်းအနားမှူးက "ဇယန္တော ဗောဓိယာ မူလေ" အစရှိသော အောင်ဂါထာကို ရွတ်ဖတ်ပူဇော်၍ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကြကာ မဟာဗောဓိပင်တော် ညောင်ရေသွန်း မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွတ်ဖတ်ပူဇော်

အဆိုပါမင်္ဂလာအခမ်းအနား မကျင်းပမီ နံနက် ၆ နာရီတွင် ဥပ္ပါတသန္တိ စေတီတော် လိုဏ်တော်အတွင်း၌ တပ်ရင်းတပ်ဖွဲ့များနှင့် နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဗုဒ္ဓဒေသနာတော်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ယနေ့ ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရင်ပြင်တော်၌ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များနှင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ သီတင်းသီလဆောက်တည်ကြသူများနှင့် ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်တော်ကို ညောင်ရေသွန်းလောင်းစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်၊ ဗဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် အဖွဲ့ဝင်များ ကဆုန်လပြည့်နေ့က ငါးထပ်ကြီးဘုရား၌ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။ (၁၃၅)

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း (၂၁)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၇

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၁)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပရာ သဘာပတိ ဦးခင်မောင်သွင် (Mainichi)က အဖွင့်အမှာစကားပြောကြားပြီး ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးသစ္စာလှထွေး (TBS) က တင်ပြရာ အသင်းကအတည်ပြုသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် ၂၀၁၀-၂၀၁၁ခုနှစ်အတွက် အမှုဆောင်သစ်များအား ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယကအဖြစ် ဦးလှထွေး (Nikkei Shimbun)၊ ဥက္ကဋ္ဌအဖြစ် ဦးမင်းဇော် (Tokyo Shimbun)၊ ဒုတိယဥက္ကဋ္ဌအဖြစ် Mr. Zhang Yunfei (Xinhua)၊ အတွင်းရေးမှူးအဖြစ် ဦးဟန်ထွေးအောင် (TV Asahi)၊ တွဲဖက် အတွင်းရေးမှူးအဖြစ် ဦးမြတ်သူရ (Kyodo News)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးသူရိန်လှထွေး (Nikkei Shimbun)နှင့် စာရင်းစစ် ဒေါ်ဆင့်ဆင့်အောင် (NTV)တို့အား ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် နာယက ဦးလှထွေးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ ဂုဏ်ထူးဆောင်အသင်းဝင်များဖြစ်ကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E Yasuaki Nogawa၊ ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ)နှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၈-၄-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ Mail Box
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၇)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၂၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ **လုပ်ချင်ဦးဟဲ့ ပွဲစား** မိုးယံဖွန့်၊ ရော၊ ဇေဒါ၊ အုန်းသီး၊ စိုပြေ၊ အံ့မင်းညို၊ ဆုပန်ထွာ၊ အေးသီတာ [ဒါရိုက်တာ - မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၂။ အိုင်စီတီသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ညီးတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၁၆)

တောင်ကြီးစက်မှုလက်မှု အထက်တန်းကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၇

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ သွားရောက်မည့် ဆရာ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများသည် ဧပြီ ၃၀ ရက် (သောကြာနေ့)တွင် ရန်ကုန်မှ တောင်ကြီးသို့ မော်တော်ယာဉ်ဖြင့် သွားမည်ဖြစ်ပါ၍ ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၃၁၂၁၉၊ ဦးလှသိန်း ဖုန်း-၀၉-၅၁-၈၂၉၇၅၊ ဦးသိန်းလွင် ဖုန်း-၀၉-၂၀-၁၈၀၆၁ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ဥတုရာသီ တောကိုမှီ၏

၂၀၁၀ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၀ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကို မေ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစား

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားများအဖြစ် အမျိုးသမီးပြိုင်ပွဲအတွက် တစ်ဦးချင်း ခတ၊ အသင်းလိုက် ခတ၊ တစ်ဦးချင်း ကုမိတဲ့ (၄၈)ကီလိုနှင့်အောက်၊ (၅၃) ကီလိုနှင့်အောက်၊ (၅၉)ကီလိုနှင့် အောက်နှင့် (၅၉)ကီလိုအထက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အမျိုးသားအတွက် ပြိုင်ပွဲအမျိုးအစားများမှာ တစ်ဦးချင်း ခတ၊ အသင်းလိုက် ခတ၊ တစ်ဦးချင်း ကုမိတဲ့(၅၅)ကီလိုနှင့်အောက်၊ (၆၁)ကီလိုနှင့်အောက်၊ (၆၈)ကီလိုနှင့်အောက်၊ (၇၆)ကီလိုနှင့် အောက်နှင့် (၇၆)ကီလိုအထက် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်ပြု

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်၌ မှတ်ပုံတင်ထားသော ကရာတေးဒိုအသင်းများကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားပြီး ပါဝင်ယှဉ်ပြိုင်သူများသည် ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက်(၁၆)နှစ်ပြည့်ပြီး၍ အသက်(၂၁)နှစ်အောက်ရှိ ၁၉၈၉ ခုနှစ် မေ ၁၂ ရက်မှ ၁၉၉၄ ခုနှစ် မေ ၁၂ ရက်အတွင်း မွေးဖွားသူများဖြစ်ကာ အသက်ကန့်သတ်ချက်နှင့် ကိုက်ညီပါက မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။ အသက်ကန့်သတ်ချက်အတွက် မွေးစာရင်းမိတ္တူ သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူနှင့်အတူပူးတွဲ၍ တင်ပြရမည်ဖြစ်ပြီး လိုအပ်ပါက မူရင်းနှင့်တိုက်ဆိုင်စိစစ်သွားမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲမည်

ယင်းပြိုင်ပွဲအတွက် အသင်းအုပ်ချုပ်သူ/နည်းပြများ အစည်းအဝေးနှင့် ပွဲစဉ်ရေးဆွဲခြင်းလုပ်ငန်းများကို မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်၌ ပြုလုပ်မည်ဖြစ်၍ အသင်းအုပ်ချုပ်သူ/ နည်းပြများ (မပျက်မကွက်) တက်ရောက်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထီလာဦးဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

မိတ္ထီလာ ဧပြီ ၂၇

မိတ္ထီလာမြို့ ထီလာဦးဂေါက်ကွင်း၌ ဧပြီ ၂၅ ရက်က ကိုမင်းကျော် (ဆီစက်)သည် ကစားဖော်များဖြစ်ကြသော ဦးတင့်ဆန်း၊ဦးမြင့်စိုး၊ဦးမြင့်ဦး (အလှူမီနီယံ)၊ ဗိုလ်မှူး ရမ်းဗဟာဒူး တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် TITLEIST NO. 1 ဘောလုံးကို LINK P.W သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၂၀ အကွာအဝေးရှိသော အမှတ် (၅) ကျင်းထဲသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အဆင့်မြင့်ဒီဂျစ်တယ် မီဒီယာသင်တန်းများ Myanmar WWW Institute တွင် ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၇

Myanmar WWW Institute သင်တန်းကျောင်းကို ၂၀၀၃ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အိုင်တီပညာရပ်ကို စိတ်ပါဝင်စား၍ အသက်မွေးဝမ်းကျောင်း ပညာရပ်အနေဖြင့် လက်တွေ့ လုပ်ငန်းခွင် ဝင်ရောက်လိုသော လူငယ်များအတွက် အဆင့်မြင့်အိုင်တီဆိုင်ရာ ဒီဂျစ်တယ် မီဒီယာသင်တန်းများကို ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။

ဖန်တီးနိုင်

အင်တာနက်ပေါ်ရှိ Animation များ၊ Presentation များ၊ Computer Game များကို Flash Software အသုံးပြု၍ အများဆုံးပြုလုပ်ကြသည်။ နေ့စဉ် အင်တာနက်ပေါ်တွင် လူသုံးအများဆုံးဖြစ်သည့် You Tube, Google Movie အစရှိသည့် Social Networking ဝက်ဘ်ဆိုက်များတွင်လည်း Flash ဗီဒီယိုဖိုင်များကို အများဆုံး လွှင့်တင်လျက်ရှိကြသည်။ အင်တာနက်ပေါ်တွင် ဖိုင်တစ်ခု၏ အရွယ်အစားသည် အလွန်အရေးပါ သောကြောင့် ပေါ့ပါးပြီး အသုံးပြုရလွယ်ကူသည့် Flash သည် ပိုမိုလူသုံးများလာသော Software တစ်ခုဖြစ်လာသည်။ Flash ကို Web Designer များ၊ Web Developer များအနေဖြင့် အမြဲတမ်း ဆန်းသစ်နေသော နည်းပညာများ၏ စွမ်းဆောင်ချက်များနှင့် အသုံးပြုပုံများကို သိရှိနေမှသာ Animation များ ဖန်တီးပြုလုပ်ပြီး လူအများ စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်သည့် Website များကို ဖန်တီးနိုင်မည် ဖြစ်သည်။

သင်တန်းချိန်

၄င်းသင်တန်းတွင် Animation များ ပြုလုပ်ခြင်း၊ Action Script များ အသုံးပြုပြီး မိမိ၏ Flash ဖိုင်အတွင်းရှိ ရုပ်ပုံလေးများကို Event များဖြင့် ထိန်းချုပ်ခြင်း၊ Symbol အသုံးပြုခြင်း၊ Flash ဖိုင်အချင်းချင်း ချိတ်ဆက်ခြင်း၊ Flash Component များကို အသုံးပြုခြင်း စသည်များကို လေ့လာသင်ယူရမည် ဖြစ်သည်။ Web Design နှင့် Flash ကို စိတ်ဝင်စားသူများ၊ Flash ကို အခြေခံကျကျ လေ့လာသိရှိလိုသူများအတွက် အထူးသင့်လျော်သော သင်တန်းတစ်ခုဖြစ်ပြီး သင်တန်းချိန်မှာ အင်္ဂါနှင့် ကြာသပတေးဖြစ်ကာ သင်တန်းကာလမှာ နှစ်လခွဲခန့် ကြာမြင့်မည်ဖြစ်သည်။

ရည်ရွယ်ဖွင့်လှစ်

ယနေ့ နည်းပညာခေတ်ကြီးထဲတွင် မီဒီယာလုပ်ငန်းသည် အဓိကအခန်းကဏ္ဍကြီးတစ်ခုဖြစ်သည်။ မိမိတို့ပတ်ဝန်းကျင်တွင်ဖြစ်ပျက်၊ ပြောင်းလဲနေသော အရာတိုင်းကို သိရှိနိုင်ရန် ဒီဂျစ်တယ်မီဒီယာသည် ယခုမျက်မှောက်ခေတ်တွင် လူတိုင်းနှင့် တိုက်ရိုက် ထိစပ်နေသော နည်းပညာဖြစ်သည်။ အများပြည်သူကို ဖျော်ဖြေမှုပေးသည့် လုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများ၊ ကြော်ငြာလုပ်ငန်းများလည်း တစ်နေ့တခြား နည်းလမ်းမျိုးစုံဖြင့် လူတိုင်း၏ စိတ်အာရုံကို ဆွဲဆောင်နိုင်အောင် ရုပ်သံများ၊ သရုပ်ဖော်ပုံရိပ်များနှင့်သာမက ကွန်ပျူတာကို အသုံးပြု၍ ဒီဇိုင်းဆော့ဖ်ဝဲများ၏ အကူအညီဖြင့် အရည်အသွေးကောင်းမွန်သော ဒီဇိုင်းများ ရရှိလာအောင် ကြံရွယ်အားထုတ်လာကြပြီဖြစ်သည်။ ဘက်စုံကျွမ်းကျင်သော ဒီဇိုင်နာတစ်ယောက် ဖြစ်လာအောင် စတင်လေ့လာလိုသူများအတွက် Professional Multi~ Designer သင်တန်းကို ရည်ရွယ်ဖွင့်လှစ်ကြောင်း၊ သင်တန်းချိန်မှာ အင်္ဂါနှင့် ကြာသပတေးဖြစ်ပြီး သင်တန်းကာလ လေးလကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

Advanced Photoshop သင်တန်းသစ်ကိုလည်း ၂၀၁၀ ဇွန်လဆန်းတွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပေးသွင်းအပ်နှံ

အသေးစိတ်သိလိုပါက အဆောင်(၅)၊ အခန်း(၄) မြန်မာအင်ဖိုတက်(ခ်) လှိုင်တက္ကသိုလ်များနယ်မြေ ရန်ကုန် ဖုန်း- ၅၂၁၁၂၅၊ ၆၅၂၂၈၈၊ ၆၅၂၃၂၀ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပြီး တန်းခွဲများကို လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းအပ်နှံရန် လိုအပ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကဆုန်လပြည့်နေ့က မဟာဝိဇယစေတီတော် (၂၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပစဉ်။
(သတင်း-၃)(သတင်းစဉ်)

ဘိုကလေးမြို့နယ်အတွက် ခိုင်းကျွဲများလှူဒါန်း

ရန်ကုန် ဧပြီ ၂၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ ပူးပေါင်းဆောင်ရွက်သည့် OSRO/ MYA/002/ UNJ/(LIFT) စီမံကိန်းအရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး ဦးဆောင်သောအဖွဲ့နှင့် အရေးပေါ်နှင့် ပြန်လည်ထူထောင်မှုညှိနှိုင်းရေးယူနစ် (FAO-ERCU) မှ အကြီးတန်းညှိနှိုင်းရေးမှူး Mr.Ghermazien Tesfai ဦးဆောင်သောအဖွဲ့တို့သည် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့ရှိ တောင်သူလယ်သမားများ မိုးရာသီအမီ လယ်ယာလုပ်ငန်းခွင် အသုံးပြုရန် လှူဒါန်းမည့် ခိုင်းကျွဲနွားကောင်ရေ ၅၁၀အနက် ပထမအသုတ် ခိုင်းကျွဲကောင်ရေ ၁၂၀ကို ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာမှ တောင်သူများသို့ ဖြန့်ဝေနိုင်ရေးအတွက် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင် ဆိပ်ကမ်း၌ ခိုင်းကျွဲများသင်္ဘောတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်ဖြန့်ဝေမည်

အဆိုပါစီမံကိန်းအရ ဘိုကလေးမြို့နယ်ရှိ တောင်သူများသို့ ဝက်ကောင်ရေ ၁၁၀၀၊ ဘိုကလေး၊ ဖျာပုံနှင့် လပွတ္တာမြို့နယ်ရှိ တောင်သူများသို့ နှစ်လသား ဥစားဘဲကောင်ရေ ၁၂၇၅၀နှင့် OSRO/ MYA/ 901/ JPN စီမံကိန်းအရ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဘိုကလေးမြို့နယ်များသို့ ခိုင်းကျွဲကောင်ရေ ၁၀၀ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်

၂၇-၄-၂၀၁၀

မင်းဘူးမြို့	၄၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
နေပြည်တော်(ရေဆင်း)	၄၃ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၂ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၂ ဒသမ ၆ ဒီဂရီစင်တီဂရိတ်

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂၉-၄-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် (မေတ္တသုတ်+ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ လောကနီတိအသိရှိစေဖို့ (အထွေထွေယဉ်ကျေးခြင်း-၂)
- ၈း၃၅ တေးပဒေသာ
- ၁၀း၀၀ မင်္ဂလာလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ချစ်ကောင်း)
- ၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (မာရီကျူရီ-ဒေါက်တာခင်မောင်ညို)
- ၁၁း၅၅ တေးသီချင်း
- ၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
- ၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ငြိမ်း)
- ၁၂း၃၀ Music Talk (21) တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၃၀ အမှတ်တရတေးလက်ဆောင်
- ၁၇း၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (ဆေးခါးတစ်ခွက်) တေးပဒေသာ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ **အဖြူရောင် မြစ်တစ်စင်းရဲ့လှို့ဝှက်ချက်** (ဇာတ်သိမ်းပိုင်း)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ညနေခင်းတေးပဒေသာ
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း **သည်မြေသည်ရေ**
- ၁၈း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
- ၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (အကျင့်စရိုက်လမ်းအတိုင်း- ချစ်နိုင် စိတ်ပညာ)
- ၁၉း၄၀ ရေဒီယိုအတိတ်တေးအရိပ်
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (မင်္ဂလာဦးသူတို့အတွက်)
- ၂၀း၅၀ မြစတင်း-(မြန်မာ့အသံရဲ့ပတ္တလားလက်သံ) စီးပွားရေးဦးတည်ချက်
- ၂၁း၀၀ ဆောင်းပါး (ရှုစား၊ မှတ်သား၊ နှလုံးပွား)
- ၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကိုသစ္စာ-ရေးသားသည်

ဘာဂျာတူရိယာသံစဉ် အမြန်ဆုံးမှုတ်နိုင်သူ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်သား နစ်ကီရှိုင်းအမည်ရှိ အမျိုးသားတစ်ဦးသည် ဘာဂျာတူရိယာကို တစ်မိနစ်လျှင် သံစဉ်၂၈၅ခု ပြောင်းလဲမှုတ်ပြနိုင်သူ ဖြစ်သည်။

မြန်နှုန်း

နစ်ကီရှိုင်း၏ ဘာဂျာသံစဉ်မှုတ်နိုင်မှုမြန်နှုန်းသည် တစ်စက္ကန့်လျှင် သံစဉ်ခုနစ်မျိုးခန့် ပြောင်းလဲမှုတ်နိုင်သဖြင့် ကမ္ဘာပေါ်တွင် မည်သူမျှ ၎င်းကဲ့သို့ မြန်နှုန်းမြင့် ဘာဂျာမှုတ်နိုင်သူ မရှိချေ။

ယခင်က ဘာဂျာသံစဉ် အမြန်ဆုံးမှုတ်နိုင်သူများမှာ သံစဉ်လေးခုခန့်သာ ပြောင်းလဲနိုင်ကြသည်။ နစ်ကီရှိုင်းသည် ကမ္ဘာပေါ်တွင် ထူးခြားစွာမြန်နှုန်းမြင့် ဘာဂျာမှုတ်နိုင်သူ တစ်ဦးဖြစ်သည်။

(အင်တာနက်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဧပြီ ၂၇

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၆)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် ''၂၀၁၀ အစပြုချက်မှသည် ၂၀၁၀ အလွန်ဆီသို့'' မြန်မာ-ဗီယက်နမ်ဆက်ဆံရေး မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဦးဘတင့်ဆွေ(ပြည်ချစ်လူငယ်များအစည်းအရုံး)နှင့် ဦးရန်ကျော် (ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသားဟောင်းများအဖွဲ့)တို့နှင့်တွေ့ဆုံခြင်း၊ ဆရာမောင်သာနု ရေးသားသည့် ခွက်မှောက်ခွက်လန်မြန်မာ့နိုင်ငံရေး၊ ဆရာဖွဲသန်းသျှင်း(သုံးဆယ်)ရေးသားသည့် ဆရာကြီးပီမိုးနင်း၏ နိုင်ငံရေးဟောနည်းပြောနည်းများ၊ ဆရာနောင်ဦးရေးသားသည့် ရွှေကောက်ပွဲဆိုသည်မှာ စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ဩဂုတ်လအထိ မိုးနည်းမယ် ဆက်ပူမယ် ဒါတွေက အယ်လ်နီညို့ရဲ့အကျိုးဆက်ကြောင့်ဖြစ်တယ် မိုးလေဝသနှင့် ဇလဗေဒပညာရှင်ဒေါက်တာထွန်းလွင်နှင့် တွေ့ဆုံခြင်း၊ မဝယ်ခင် ရောင်းတော့တစ်မျိုး ဝယ်ပြီးပျက်တော့တစ်မျိုး မီးစက်ဝယ်သူများ သတိထား၊ ဥရောပမီးတောင်ပေါက်ကွဲမှုဂယက် မြန်မာ့ခရီးသွားလုပ်ငန်းကို ထိခိုက်မှုနည်းဟုဆို၊ အများပြည်သူနှင့်ထိတွေ့မှုများသော နေရာများ ယခင်ကထက် လုံခြုံရေးတိုးမြှင့်၊ ပြည်သူတွေ ပါတီတွေကို မဲပေးဖို့ ပါတီတွေအကြောင်း ကောင်းစွာသိဖို့လိုသလား Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အကြမ်းဖက်လုပ်ရပ်များနှင့် ပြည်သူ့အမြင်၊ အခုနောက်ပိုင်း ကြော်ငြာတွေကို သေချာမေးမြန်းစိစစ်ပြီးမှသာ သရုပ်ဆောင်ဖြစ်တယ် ခရစ္စတီးနားနှင့်လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

အိန္ဒိယတွင် ယခုနှစ်သည် ၅၂နှစ်တာကာလအတွင်း အပူဆုံးစံချိန်တင်၊ ယနေ့ခေတ် မလေးလူငယ်များ ပါတီစွဲမရှိ၊ စာမေးပွဲအဖြေလွှာများ ကြွက်ကိုက်ခံရသဖြင့် နီပေါတက္ကသိုလ်ကျောင်းသားများကို အောင်စာရင်း မထုတ်ပြန်နိုင်၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

အထက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာဖွယ်

နေပြည်တော် ဧပြီ ၂၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၈ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟားခါးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၀ ဒသမ ၈၆ လက်မစီ၊ မြိတ်မြို့တွင် ၀ ဒသမ၇၉လက်မ၊ ဖလမ်းမြို့တွင် ၀ ဒသမ ၄၇ လက်မနှင့် ကလေးမြို့နှင့် ကလေးဝမြို့တို့တွင် ၀ ဒသမ ၃၂ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

ဧပြီ ၂၈ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ၊ ညနေပိုင်းတွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ၊ ညနေပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

နေပြည်တော်၏ဂုဏ်ဒြပ်ကို မြှင့်တင်ပေးရန် ကြိုးပမ်းနေသည့် နေပြည်တော် F.C

သတင်းမှတ်စုနှင့်ဓာတ်ပုံ - စိုင်းရဲရင့်

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၇

ပြီးခဲ့တဲ့ ဧပြီ ၂၅ရက်က သုဝဏ္ဏကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲမှာ ထိပ်ဆုံးက ဧယျာရွှေမြေအသင်းဟာ နိုင်ပွဲဆက်နေတဲ့ စံချိန်တွေ ရပ်တန့်ခဲ့ရပါတယ်။ ဧယျာရွှေမြေအသင်းရဲ့ ငါးပွဲဆက်တိုက် နိုင်ပွဲဆက်ရေး အိပ်မက်ကို ရပ်တန့်ပစ်ခဲ့တဲ့အသင်းကတော့ နေပြည်တော်ကိုယ်စားပြု နေပြည်တော်အသင်းပဲ ဖြစ်ပါတယ်။

လေ့ကျင့်ပြင်ဆင်

ဧယျာရွှေမြေအသင်းရဲ့ နိုင်ပွဲဆက် စံချိန်ကို ရပ်တန့်ခဲ့တဲ့ နေပြည်တော်ဘောလုံးအသင်းဟာ MNL ပြိုင်ပွဲရဲ့ အသင်းသစ် ဖြစ်ပြီး ယခု ၂၀၁၀ခုနှစ်ကျမှ ပြိုင်ပွဲဝင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ၂၀၁၀ခုနှစ်မှာ မြန်မာနေရှင်နယ်လိဂ်ကို ထပ်တိုးဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တဲ့ အသင်းသစ်သုံးသင်းထဲမှ နေပြည်တော်အသင်းဟာ လေးပွဲကစားအပြီးမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ လေးမှတ်ရရှိထားပါတယ်။ အဖွင့်ပွဲစဉ်မှာ Southern Myanmar အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဒုတိယပွဲမှာ ကမ္ဘောဇအသင်းကို နှစ်ဂိုး - ဂိုးမရှိတို့နဲ့ ရှုံးနိမ့်ခဲ့ပေမယ့် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပိုကောင်းလာတဲ့ နေပြည်တော်အသင်းဟာ တတိယပွဲစဉ်မှာ ဖွဲကပင်ယူနိုက်တက်ကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ သင်္ကြန်ကာလအပြီး ပြန်လည်ကျင်းပမယ့် ယခုပွဲစဉ်(၅)မှာ ထိပ်ဆုံးက ဧယျာရွှေမြေနဲ့ တွေ့ဆုံရမှာဖြစ်တာကြောင့် သင်္ကြန်ကာလမှာပင် အနားမယူဘဲ လေ့ကျင့်ပြင်ဆင်ခဲ့တယ်လို့ သိရပါတယ်။ အဲဒါကြောင့်လည်း နေပြည်တော်အသင်းဟာ အသင်းကြီး ဧယျာရွှေမြေဆီက အမှတ်ခွဲယူနိုင်ခဲ့တာ ဖြစ်ပြီး အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ပါတယ်။

ခေါ်ယူ

နေပြည်တော် ဘောလုံးအသင်းဟာ MNL ပြိုင်ပွဲမှာ အောင်မြင်မှုများရယူပြီး နေပြည်တော်ရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်နေတဲ့အသင်းဖြစ်ပါတယ်။ နေပြည်တော်အသင်းဟာ အသင်းသစ် တစ်သင်းဖြစ်တာကြောင့် အခြားအသင်းသစ်များနည်းတူ ကစားသမားများ ခေါ်ယူရာမှာ အခက်အခဲအများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အရင်ဖွဲ့စည်းထားတဲ့ အသင်းတွေက ခြေစွမ်းခြေစရှိတဲ့ ပထမတန်းနဲ့ ဒုတိယတန်းအဆင့်ရှိ ကစားသမားတွေကို ခေါ်ယူထားပြီးဖြစ်တာကြောင့် တတိယတန်းအဆင့်ရှိ ကစားသမားတွေနဲ့ပဲ အသင်းကိုဖွဲ့စည်းခဲ့ရပါတယ်။ အသင်းကို အင်အားတောင့်တင်းစေဖို့နဲ့ ဦးဆောင်ကစားနိုင်ဖို့ မြန်မာနေရှင်နယ်လိဂ်မှာ ကစားဖူးတဲ့ ဧယျာရွှေမြေကစားသမားဟောင်း မာတင်နဲ့ ရာမို့စ်၊ မကွေး ကစားသမားဟောင်း အရှုနာတို့အပြင် ကင်မရွန်း ကစားသမား ဂျိုးဇက်တို့ နိုင်ငံခြားသား ကစားသမားလေးဦးကို ခေါ်ယူခဲ့ပါတယ်။

ကြိုးစားအားထုတ်

အသင်းပိုင်ရှင်နဲ့နာယက ဦးတင့်ဆန်း၊ ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းတို့၏ ညွှန်ကြားပံ့ပိုးအားပေးမှု၊ CEO နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ စီမံခန့်ခွဲမှုကောင်းမွန်ခြင်းတို့အပြင် နည်းပြအဖွဲ့ဝင်များနဲ့ ကစားသမားများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် အချိန်တို ကာလအတွင်းမှာ ထိုက်သင့်တဲ့ အဆင့်တစ်နေရာ ရရှိလာခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးသန်းတိုးအောင်ကို နည်းစနစ် အကြံပေး၊ အဆင့်မြင့်တန်း ထိပ်သီးကလပ်စွမ်းအင်အသင်း နည်းပြချုပ်ဟောင်း ဦးမျိုးဝင်းကို နည်းစနစ် ဒါရိုက်တာအဖြစ် ခန့်အပ်နိုင်ခဲ့တာကလည်း နေပြည်တော်အသင်းရဲ့ မှန်ကန်တဲ့ ရွေးချယ်မှုတစ်ခုပဲ ဖြစ်ပါတယ်။

နေပြည်တော် ဘောလုံးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဦးဖြိုးကိုကိုတင့်ဆန်း (ACE ဆောက်လုပ်ရေးကုမ္ပဏီ)က "နိုင်ငံ့အကြီးအကဲများ၏ လမ်းညွှန်မှုအရ မြန်မာဘောလုံး တိုးတက်ရေးအတွက် ကျင်းပသည့် MNL ပြိုင်ပွဲကို ၂၀၁၀ခုနှစ်ပြိုင်ပွဲ၌ အသင်းသုံးသင်း ထပ်တိုးရာတွင် မိမိတို့အသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က ACE အသင်းအမည်ဖြင့် ဖွဲ့စည်းခဲ့သော်လည်း နေပြည်တော်ကို ကိုယ်စားပြုယှဉ်ပြိုင်မည်ဖြစ်၍ နေပြည်တော် F.C ဟု အမည်ပြောင်းလဲခဲ့ကြောင်း၊ အသင်းဖွဲ့စည်းရသည့် ရည်ရွယ်ချက်မှာ မြန်မာ့လက်ရွေးစင်အသင်းအတွက် လက်ရွေးစင် ကစားသမားများ မွေးထုတ်ပေးရန်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှာ အသင်းသစ်ဖြစ်ပြီး အတွေ့အကြုံနည်းသေးသည့်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအားအရင်းခံကာ နိုင်ပွဲများရရှိအောင် ကြိုးပမ်းနေကြောင်း၊ ကစားသမားများ၏ နေထိုင်စားသောက်ရေး၊ လေ့ကျင့်ရေး ပစ္စည်းများကို လိုလေသေးမရှိအောင် ထောက်ပံ့ပေးထားသလို ဆုကြေးငွေများလည်း ထိုက်တန်စွာ ချီးမြှင့်ပေးနေကြောင်း၊ အသင်းအောင်မြင်မှုရရှိရန်အတွက် ပြည်တွင်းပြည်ပ အတွေ့အကြုံရှိသည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် ရေကူးအဖွဲ့ချုပ်တို့၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးကျော်ဦး ဒုတိယညွှန်ကြားရေးမှူး (အား/ကာ)ကို CEO အဖြစ် တာဝန်ပေးထားကြောင်း၊ ထို့အပြင် နည်းပြအဖွဲ့တွင် ဦးသန်းတိုးအောင်နှင့် ဦးမျိုးဝင်းတို့ကို ခေါ်ယူနိုင်ခဲ့သည့်အတွက် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပိုကောင်းလာကြောင်း၊ ဧယျာရွှေမြေအသင်း၏ နိုင်ပွဲဆက်စံချိန်ကို ရပ်တန့်နိုင်ခဲ့၍ CEO အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ နည်းပြများနှင့် ကစားသမားများကို ကျေးဇူးတင်သလို ယခုထက် ရလဒ်ပိုကောင်းအောင် ကြိုးစားသွားရန် တိုက်တွန်းလိုကြောင်း၊ မိမိတို့အသင်းမှာ နေပြည်တော်ကို ကိုယ်စားပြုသည့်အသင်းဖြစ်၍ နိုင်ပွဲဆက်အောင် အဘက်ဘက်မှ ပြင်ဆင်နေသလို ပြိုင်ပွဲအပြီးတွင် အဆင့်(၁)မှ (၅)အတွင်း ဝင်နိုင်အောင် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲ၌ အသင်းသစ် သုံးသင်းထဲတွင် အဆင့်(၁)နေရာ၌ ရပ်တည်နိုင်ရန်နှင့် အသင်းဟောင်း၊ အသင်းကြီးများနှင့် တွေ့ဆုံရာတွင် သူနိုင်၊ ကိုယ်နိုင်ကြိုးစားသွားမည်ဖြစ်ကြောင်း၊ လက်ကျန်ပွဲများတွင် ပွဲတိုင်းကို အနိုင်ရရှိရန်မှာ ၁၀၀ရာခိုင်နှုန်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်း တစ်ပွဲထက်တစ်ပွဲ တိုးတက်ကောင်းမွန်လာခြင်းမှာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် နေပြည်တော်မြို့တော်ဝန်တို့၏ ပံ့ပိုးအားပေးကူညီမှုကြောင့် ဖြစ်ပါကြောင်း၊ မိမိတို့အသင်းဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် စီစဉ်ပေးသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် နေပြည်တော်မှ တာဝန်ရှိပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်ပါကြောင်း" ပြောကြားသွားပါတယ်။

နေပြည်တော် ဘောလုံးအသင်း ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း။

နေပြည်တော် F.C ကစားသမားများ။

ဖြည့်ဆည်းပေးထား

အသင်း CEO ဖြစ်သူ ဦးကျော်ဦးက "မိမိတို့အသင်းမှာ အတွေ့အကြုံနည်းသည့် တတိယတန်းအဆင့်ရှိ ဘောလုံးသမားအများစုနှင့် ဖွဲ့စည်းထား၍ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား၊ စည်းလုံးညီညွတ်မှုတို့ကို အရင်းခံကာ ပြိုင်ပွဲဝင်ခဲ့ကြောင်း၊ လေ့ကျင့်ပြင်ဆင်မှုအပိုင်းကို စနစ်တကျပြုလုပ်ခဲ့၍လည်း အသင်းကြီး ဧယျာရွှေမြေကို သရေကစားပြီး လေးပွဲကစားရာ၌ လေးမှတ်ရရှိထားခြင်းဖြစ်ကြောင်း၊ ပထမပွဲစဉ်တွင် Southern အသင်းနှင့် ကစားပုံကို အားမရကြောင်း၊ ဒုတိယပွဲတွင် ကမ္ဘောဇကို ရှုံးသော်လည်း အားရကျေနပ်မိကြောင်း၊ မိနစ် ၈၀ကျော်အထိ အပြန်အလှန်ကစားနိုင်ခဲ့ပြီး ပွဲပြီးခါနီးမှ ဂိုးပေးလိုက်ရခြင်းဖြစ်ကြောင်း၊ ဖွဲကပင်ယူနိုက်တက်ကို ခြောက်ဂိုးပြတ်အနိုင်ရသည့် ခြေစွမ်းမှာ အတော်ပင်ကောင်းကြောင်း၊ လေးပွဲဆက်အနိုင်ရပြီး အမှတ်ပေးဇယားမှာ ဦးဆောင်နိုင်ခဲ့တဲ့ ဧယျာရွှေမြေကို နိုင်ပွဲဆက်စံချိန် ရပ်တန့်နိုင်ခဲ့ပြီး အဖိုးတန်တစ်မှတ် ရယူနိုင်ခဲ့၍ ကျေနပ်ပါကြောင်း၊ ဧယျာရွှေမြေအသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်ပြီး ပထမပိုင်းတွင် မိမိတို့ဖိဖိစီးစီးနဲ့ ကစားနိုင်ခဲ့ကြောင်း၊ ပထမပိုင်းတွင် ရရှိသော အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ ဂိုးမရခဲ့ကြောင်း၊ ဒုတိယပိုင်းတွင် ဧယျာရွှေမြေ ပိုဖိနိုင်ခဲ့ပြီး ပွဲပြီးခါနီး ၁၅မိနစ်အလိုမှာ ဂိုးမပေးရရန် ခံစစ်ကို အသားပေးကစားခဲ့ကြောင်း၊ ဧယျာရွှေမြေနှင့် ပွဲအတွက် သင်္ကြန်ကာလမှာပင် အနားမယူဘဲ လေ့ကျင့်ပြင်ဆင်ခဲ့ကြောင်း၊ ဒါကြောင့်မို့ မိမိတို့အသင်း ရလဒ်ကောင်း ရရှိခဲ့ခြင်းဖြစ်ပြီး နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားများကို ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အသင်းကို အသင်းပိုင်ရှင်နှင့် နာယကဖြစ်သူ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေးကုမ္ပဏီ)က အောင်မြင်မှုရရှိရန် အကြံပေး ပံ့ပိုးအားပေးပါကြောင်း၊ အသင်းဥက္ကဋ္ဌနှင့် အတူ နေထိုင်စားသောက်ရေး၊ အင်အားပြည့် အစားအစာအပါအဝင် လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးထားခဲ့ကြောင်း၊ မိမိတို့အသင်းမှာ အသင်းသစ်ဖြစ်သော်လည်း ပြိုင်ဘက်အသင်းများကို အထင်မသေးဘဲ လေးစားပါကြောင်း၊ သို့သော် ကြောက်စိတ်မရှိဘဲ အနိုင်ရရှိရန် ပြင်ဆင်ထားကြောင်း၊ မိမိတို့အသင်းမှာ နေပြည်တော် ကိုယ်စားပြုအသင်းဖြစ်၍ နေပြည်တော်၏ ဂုဏ်ဒြပ်ကို မြှင့်တင်ပေးသွားမည်ဟု ကတိပြုပါကြောင်း" ဖြင့် ပြောကြားသွားခဲ့ပါတယ်။ ။

(မြန်မာ့အလင်း)

မိမိတို့အသင်းမှာ အတွေ့အကြုံ နည်းသည့် တတိယတန်းအဆင့်ရှိ ဘောလုံးသမားအများစုနှင့် ဖွဲ့စည်းထား၍ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား၊ စည်းလုံးညီညွတ်မှု တို့ကို အရင်းခံကာ ပြိုင်ပွဲဝင်ခဲ့ကြောင်း။

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ

ကမ္ဘောဇအသင်း ဦးဆောင်နေပြီ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

ရန်ကုန် ဧပြီ ၂၇

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၅)ကို ယမန်နေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းမှာ ဆက်လက်ကျင်းပရာ မနောမြေ F.C က ဖွဲကပင်ယူနိုက်တက် F.C ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိသွားပါတယ်။

မနောမြေ F.C - နှစ်ဂိုး။
ဖွဲကပင်ယူနိုက်တက် - ဂိုးမရှိ။

အသင်းသစ်နှစ်သင်းရဲ့ တွေ့ဆုံမှုကတော့ ဆန့်ကျင်ဘက်ရလဒ်တွေနဲ့ ပြီးဆုံးခဲ့ပြီး မနောမြေအသင်းက ပထမဦးဆုံး နိုင်ပွဲရရှိခဲ့ကာ ဖွဲကပင်ယူနိုက်တက်အသင်းကတော့ ငါးပွဲဆက် ရှုံးပွဲကြုံတွေ့ပြီး အမှတ်ပေးဇယားအောက်ဆုံးက ရုန်းမထွက်နိုင်ခဲ့ပါဘူး။ ဖွဲကပင်ယူနိုက်တက်အသင်းဟာ ရှုံးပွဲဆက်နေမှု ရပ်တန့်ဖို့ကြိုးစားခဲ့ပေမယ့် တိုက်စစ်ပိုင်း အားနည်းမှုတွေကြောင့် ဂိုးမရခဲ့ပါဘူး။ ဒုတိယပိုင်းမှာ ဂိုးသွင်းခွင့် သုံးကြိမ်လောက် ပြန်ရခဲ့ပေမယ့် ရဲဝင်းထွေးရဲ့ကန်ချက် ဘားထိထွက်သွားလို့ ကံဆိုးသွားရပါတယ်။ ငါးပွဲကစားအပြီးမှာ တစ်ဂိုးမှမသွင်းနိုင်သေးဘဲ နိုင်ပွဲမရသေးတဲ့ ဖွဲကပင်ယူနိုက်တက်အသင်းကတော့ လက်ကျန်ပွဲတွေမှာ အခြေအနေကောင်းဖို့ တိုက်စစ်ပိုင်းကို အဓိကပြုပြင်ရတော့မှာပါ။

စွမ်းဆောင်နိုင်

မနောမြေအသင်းကတော့ အခုပွဲမှာ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အနိုင်သုံးမှတ်ရအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဝင်းဇော်အောင်၊ တင်အောင်မိုး၊ သက်နိုင်စိုး၊ ကျော်ဧယျာဝင်းတို့နဲ့ လူစုံပါဝင်ခဲ့တဲ့ မနောမြေအသင်းဟာ ပွဲစကတည်းက ဖွဲကပင်ထက် ကစားပုံပိုကောင်းပြီး ပိုဖိနိုင်ခဲ့ပါတယ်။ ၁၈မိနစ်မှာတော့ ဖွဲကပင်ဂိုးသမား သန်းဇော်ဝင်း အထွက်များတာကနေ တောင်ပံကစားသမား ကျော်မျိုးဝင်းက အဖွင့်ဂိုးသွင်းယူခဲ့ပါတယ်။ ဖွဲကပင်အသင်းဟာ ဂိုးရှေ့ရောက်ရင် အမှားများတာကြောင့် မနောမြေအသင်းက ပွဲကိုဦးဆောင်နိုင်ခဲ့ပြီး ကျော်မျိုးဝင်းက ၅၄မိနစ်မှာ ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ပါတယ်။

မနောမြေ F.C နှင့် ဖွဲကပင်ယူနိုက်တက်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြစဉ်။

ဖွဲ့စည်းထား

ယနေ့ပွဲစဉ်များအပြီးတွင် ပြည်တွင်းကစားသမားတွေနဲ့သာ ဖွဲ့စည်းထားတဲ့ ကမ္ဘောဇအသင်းက ငါးပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်ဂိုးသွင်း ပေးဂိုးမရှိနှင့် ၁၃မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေပါတယ်။ ကမ္ဘောဇအသင်းဟာ ငါးပွဲကစားပြီးချိန်အထိ ပေးဂိုးလုံးဝမရှိသေးသလို ခုနစ်ဂိုး သွင်းယူထားတာကြောင့် ဧယျာရွှေမြေနဲ့ အမှတ်တူပေမယ့် သွင်းဂိုးအသာနဲ့ ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

၁-၅-၂၀၁၀

သုဝဏ္ဏကွင်း

Southern Myanmar - ကမ္ဘောဇ။

ဗထူးကွင်း

ဥဿာယူနိုက်တက် - ဖွဲကပင်ယူနိုက်တက်။

(မြန်မာ့အလင်း)

ပွဲစဉ်(၅)အပြီး အသင်းများ၏ ရပ်တည်မှု

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ကမ္ဘောဇ	၅	၄	၁	-	၇	-	၁၃
ဧယျာရွှေမြေ	၅	၄	၁	-	၆	-	၁၃
ရန်ကုန်ယူနိုက်တက်	၅	၂	၂	၁	၁၁	၁	၈
ရတနာပုံ	၅	၂	၂	၁	၆	၆	၈
Southern	၄	၂	၁	၁	၆	၆	၇
မကွေး	၅	၁	၂	၂	၄	၁၀	၅
နေပြည်တော်	၄	၁	၁	၂	၇	၄	၄
Dalta	၄	၁	၁	၂	၃	၂	၄
မနောမြေ	၄	၁	၁	၂	၄	၅	၄
ဥဿာယူနိုက်တက်	၄	၁	-	၃	၁	၄	၃
ဖွဲကပင်	၅	-	-	၅	-	၁၇	-

ခေ့စပ်ကြောင်းလမ်းမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးမောင်မောင်အေး-R/O)-ဒေါ်မြမြဝင်းတို့၏ တစ်ဦးတည်းသောသား

ဗိုလ်ဇေယျာဟိန်း

M.B.,B.S(D.S.M.A), M.Med.Sc

Pathology (1st Year)

နှင့်

ရန်ကုန်မြို့နေ ဦးကျော်မြင့်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (တရားရုံးချုပ်ရှေ့နေ)-ဒေါ်မြင့်မြင့်စန်းတို့၏ တစ်ဦးတည်းသောသမီး

မသဲခိုင်ဦး(ခ)သဲသဲ

B.Sc (Chemistry)

တို့ကို နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့တွင် ၂၇-၄-၂၀၁၀ရက်က ခေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ပြီးဖြစ်ပါသည်။ အခမ်းအနားတွင် မင်္ဂလာစကားကမ်းလှမ်းပေးပါသော ဒုတိယဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)နှင့်ဇနီး ဒေါ်အေးအေးမြင့်၊ မင်္ဂလာစကား လက်ခံပြောကြားပေးပါသော ဦးသန်းစိုးထွန်း (တရားရုံးချုပ်ရှေ့နေ)၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာဦးထွန်းနိုင်နှင့်ဇနီး ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ဒေါ်ရီရီတင်(ပါမောက္ခ/ဌာနမှူး-ရောဂါဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)နှင့် အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဌာနဆိုင်ရာအရာရှိကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဇေယျာဟိန်း-မသဲခိုင်ဦး။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ပါမောက္ခဦးဖေသောင်း (ဒုတိယပါမောက္ခချုပ်-ငြိမ်း)-ဒေါ်မြင့်မြင့်စီ (ကျောင်းအုပ်ဆရာမကြီး၊ အထက-၄-တာမွေ)တို့၏သား၊ မအေးမြမြခိုင်(ဒုတိယအတွင်းဝန်၊ မြန်မာသံရုံး၊ ပါရီ)၏ မောင်

မောင်ကျော်ကျော်ထွင့် (B.B.A)

လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်

နှင့်

စစ်ကိုင်းမြို့၊ ပါရမီရပ်နေ ဦးဆလိုင်းအောင်စော(တောအုပ်ကြီး-ငြိမ်း၊ သစ်တောဦးစီးဌာန)-ဒေါ်နန်းမူမူတို့၏သမီး၊ မိုင်သီသီစောနိုင် M.Sc (Phys:)၏ ညီမ

မိုင်စောနီနီလှိုင် (B.Com)

ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

တို့၏ စစ်ကိုင်းမြို့၊ ဇိနောဒယပရိယတ္တိစာသင်တိုက်၌ ၁၁-၄-၂၀၁၀ရက်တွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးနှင့် ရန်ကုန်မြို့၊ မဟာသန္တိသုခကျောင်းတော်၌ ၂၁-၄-၂၀၁၀ရက်တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်ဇနီး ဒေါ်ချယ်ရီ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး ဒေါ်အေးအေးတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့်ဇနီး ဒေါ်သဇင်နွယ်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ကျော်နှင့်ဇနီး ဒေါ်မိမိဝေတို့အားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်နှင့် အငြိမ်းစားပါမောက္ခကြီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ပါသော ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မိတ်ကပ် ကိုကျော်ကျော်လင်းနှင့်အဖွဲ့၊ သတို့သား၊ သတို့သမီးဝတ်စုံအတွက် ကူညီပံ့ပိုးပေးပါသော ရွှေဆင်တိုင်းပိုးထည်တိုက် (အမရပူရ)နှင့် မေတ္တာဖြင့် သီဆိုဖျော်ဖြေပေးပါသော အဆို၊ အက၊ အရေး၊ အတီး ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသော မစုယဉ်ထွန်း(အထက-၄၊ တာမွေ)နှင့် မောင်ပိုင်းလမင်းအောင်(အထက-၂၊ကမာရွတ်)တို့အားလည်းကောင်း၊ မင်္ဂလာပွဲပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော (အထက-၄၊ တာမွေ)မှ ဆရာမများ၊ ဝန်ထမ်းများနှင့် မဟာသန္တိသုခကျောင်းတော်မှ တာဝန်ရှိသူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ကျော်ထွင့်-မိုင်စောနီနီလှိုင်။

သတိပေး နှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအားလေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်း မလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျား တို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြ ထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှ ကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

<u>**သင်တန်းအပ်လက်ခံရာနေရာ**</u> - အမှတ်(၂၄၉)၊ ပထမထပ်၊ ဗားကရာလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်နှင့် ကပ်လျက်)

ဖုန်း-၅၀၄၇၅၀၊ ၅၁၆၈၉၆၊ (Open 7:00 am to 9:00 pm) ပိတ်ရက်မရှိပါ။

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- အင်္ဂလိပ်၊မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊လက်တွေ့သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ သင်တန်းဆင်းသက်သေခံ အောင်လက်မှတ်ထုတ်ပေးမည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ သက်သာသော နှုန်းထားသာယူသည်။ ဘော်ဒါဆောင်ရှိသည်။
- တန်းခွဲသစ်တစ်ခုလျှင် လူ၂၀သာ သတ်မှတ်ထားသည်။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းထားနိုင်ပါသည်။

"အောင်"ပြီး**"ချမ်းမြေ့"**မှုတွေရရှိရန် **"အောင်ချမ်းမြေ့"**ကိုလာခဲ့ပါ။

<u>**တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)**</u>

အပတ်စဉ်(၁၁၇၃)	၃-၅-၂၀၁၀ရက်စမည်။	(စနေနှင့် တနင်္ဂနွေနားရက်)
အပတ်စဉ်(၁၁၇၄)	၅-၅-၂၀၁၀ရက်စမည်။	(တနင်္လာနှင့် အင်္ဂါနားရက်)
အပတ်စဉ်(၁၁၇၅)	၇-၅-၂၀၁၀ရက်စမည်။	(ဗုဒ္ဓဟူးနှင့် ကြာသပတေးနားရက်)

<u>**နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)**</u>

အပတ်စဉ်(၁၁၇၆)	၄-၅-၂၀၁၀ရက်စမည်။	(အင်္ဂါနှင့် ဗုဒ္ဓဟူးသင်)
အပတ်စဉ်(၁၁၇၇)	၆-၅-၂၀၁၀ရက်စမည်။	(ကြာသပတေးနှင့် သောကြာသင်)
အပတ်စဉ်(၁၁၇၈)	၈-၅-၂၀၁၀ရက်စမည်။	(စနေနှင့် တနင်္ဂနွေသင်)

<u>**သုံးလပြတ်အထူးသင်တန်းများ (တစ်ပတ်တစ်ရက်သင်)**</u>

အပတ်စဉ်(၁၁၇၉)	၈-၅-၂၀၁၀ရက်စမည်။	(စနေတစ်ရက်တည်းသာ)
အပတ်စဉ်(၁၁၈၀)	၉-၅-၂၀၁၀ရက်စမည်။	(တနင်္ဂနွေတစ်ရက်တည်းသာ)

အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် အချိန်ဇယား(နှစ်သက်သည့်အချိန်သာသင်ရန်)

နံနက်ပိုင်း	(I)	9:00 am to 12:00 pm
မွန်းလွဲပိုင်း	(II)	1:30 pm to 4:30 pm
ညနေပိုင်း	(III)	6:00 pm to 8:00 pm

လေးလအထူးသင်တန်း (နိုင်ငံတကာအဆင့်မီ Diploma သင်တန်း)

အပတ်စဉ်(၁၁၈၁) ၁၁-၅-၂၀၁၀ရက်စမည်။ (တစ်ပတ်လေးရက်သင်)

9:00 am to 4:30 pm (အင်္ဂါမှ သောကြာနေ့စဉ်)

မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မျှသင်တန်းခွဲမရှိပါ။

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

အမက(၁၈)မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် အမက(၁၈)ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁ရက် (အလုပ်သမားနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဖုန်း-၆၉၀၃၄၆၊ ၆၉၀၄၉၅၊ ၇၃၀၁၀၃၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက်များ စာဌားကတ်စနစ်ကျင့်သုံးရေး ရွှေပြည်သာတွင် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၇

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွှန့်နှင့် ဝန်ထမ်းများက ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရှင်သန်ရေး၊ စာအုပ်စာစောင် တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာဌားကတ်စနစ်ကျင့်သုံးရေးတို့အတွက် ဧပြီ ၂၆ရက် နံနက် ၁၀နာရီက အမှတ်(၁၉)ရပ်ကွက် လင်းရောင်ခြည် စာကြည့်တိုက်သို့ ကွင်းဆင်းဆွေးနွေးဆောင်ရွက်သည်။

<u>**ရှင်းလင်းပြောကြား**</u>

ယင်းဆွေးနွေးပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောထွန်းက အမှာစကားပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွှန့်က စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေးကို ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်များ ရှင်သန်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန် ဧပြီ ၂၇

ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး ကျင်းပသော ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ရွှေရည်နံ့သာ ဇာတ်ဆုပေးမဏ္ဍပ် ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့) ညနေ ၅နာရီက အဆိုပါ ဆုပေးမဏ္ဍပ်၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေလင်းနှင့် အဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်၌ ယိမ်းပြိုင်ပွဲဝင်များအား ဆုချီးမြှင့်

<u>**ဆုချီးမြှင့်ပေးအပ်**</u>

အခမ်းအနားတွင် ယိမ်းပြိုင်ပွဲများ၌ တတိယဆု ပူးတွဲရရှိသော လှိုင်သာယာ ယိမ်းအဖွဲ့နှင့် အင်းစိန်မြို့နယ် နံ့သာကုန်း ယိမ်းအဖွဲ့အား အင်းစိန်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ဇော်ဘွားကြီးကုန်း ယိမ်းအဖွဲ့အား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက ငွေသားနှင့် ဆုတံဆိပ်ကိုလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုနှင့် ပထမဆုဆွတ်ခူးသွားသော ဖော့ကန်ရပ်ကွက် ယိမ်းအဖွဲ့အား ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေလင်း **(အပေါ်ပုံ)**က ဆုတံဆိပ်နှင့်ငွေသားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး စစ်ကိုင်း၌ ဟောပြောသရုပ်ပြ

စစ်ကိုင်း ဧပြီ ၂၇

စစ်ကိုင်းမြို့ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၈၄)တွင် ဧပြီ ၁ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများနှင့် စက်ရုံအရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု၊ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ပြီး စက်ရုံဝန်ထမ်းလိုင်းခန်းများ မီးသုံးစွဲမှု စနစ်တကျ ရှိ၊ မရှိတို့ကို လိုက်လံစစ်ဆေးကြသည်။

<u>**သရုပ်ပြလေ့ကျင့်**</u>

ရှေးဦးစွာ ပညာပေးဟောပြောပွဲကျင်းပရာ သစ်စက်မှ စက်ရုံမှူး ဦးအောင်ဆန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောလွင်မြင့်က မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ဟောပြောသည်။ ထို့နောက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ကြသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

အောင်ပန်း၌ အဝီစိတွင်းရေပိုက်လိုင်းများ လှူဒါန်း

ကလော ဧပြီ ၂၇

ကလောမြို့နယ် အောင်ပန်းမြို့ စိုက်ပျိုးရေးသုတေသနခြံသို့ KOPIA အဖွဲ့မှ စိုက်ပျိုးရေးသုတေသနနှင့် ပဲမျိုးစုံ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြေအောက်ရေရရှိရန် ကျပ်သိန်း ၇၀ တန်ဖိုးရှိ လေးလက်မ အဝီစိတွင်း၊ မြေအောက်ရေကန်နှင့် ရေပိုက်လိုင်းများ လှူဒါန်းခြင်းအခမ်းအနားကို ဧပြီ ၈ရက် နံနက် ၉နာရီက အောင်ပန်းမြို့ စိုက်ပျိုးရေးသုတေသနခြံ၌ ကျင်းပသည်။

<u>**လှူဒါန်း**</u>

အခမ်းအနားတွင် KOPIA Project မှ Dr. Kim Jon Tae က လှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

ဂရင်နေဒါနိုင်ငံဆိုသည်မှာ ....

နိုင်ငံတကာသတင်းအက်ဆေး **တိုး-ရေးသားသည်**

ဂရင်နေဒါနိုင်ငံသည် ကာရစ်ဘီယံဒေသတွင်တည်ရှိသည့် ဂရင်နေဒါနိုင်ငံပိုင်ကျွန်းများသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ကျူးကျော်လာပြီဟူသော မဟုတ်မမှန်အကြောင်းပြချက်ဖြင့် ဩဇာတိက္ကမရှိသည့် ဂရင်နေဒါခေါင်းဆောင် မောရစ်ဘစ်ရှော့အား ရာထူးမှဖယ်ရှားသည့်အပြင် ကွပ်မျက်ပစ်သည်အထိ ဤနိုင်ငံ၌ကြုံခဲ့သည်။ ၁၉၈၃ခုနှစ်က လက်ဝဲအစိုးရအကွဲအပြဲကြောင့် ဤနိုင်ငံသည် ကမ္ဘာ့မီဒီယာများ၏အရေးတကြီးခေါင်းကြီး မျက်နှာဖုံးသတင်းများအဖြစ် နေရာယူခဲ့ဖူးသည်။

လွတ်လပ်ရေးရပြီးနောက် ထိုအချိန်အထိ ဤနိုင်ငံမှာ ငြိမ်းငြိမ်းချမ်းချမ်းမရှိခဲ့သည့်အတွက် ထိုမျှအကျည်းတန်သောဖြစ်စဉ်ဖြစ်ရပ်မှာ ဤနိုင်ငံ၏ဝိသေသလက္ခဏာဟု ဆိုရမည်ဖြစ်သည်။

ဖျက်သိမ်း

ဤကျွန်းစုကို ခရစ္စတိုဖာကိုလံဘတ်က ၁၄၉၈ခုနှစ်တွင်တွေ့ခဲ့ပြီး ဂရင်နေဒါဟု အမည်ပေးလိုက်သည်။ မာတင်နစ်မှ ပြင်သစ်များ ၁၆၅၀ပြည့်နှစ်တွင် လာရောက်သိမ်းယူသည်။ ၁၇၈၃ခုနှစ်တွင် ဗာဆိုင်းစာချုပ်အရ ပြင်သစ်က ဂရင်နေဒါကို ဗြိတိသျှတို့လက်ထဲအပ်လိုက်ရသည်။ ဝါဂွမ်း၊ ကြံနှင့် ဆေးရွက်ကြီးစိုက်ပျိုးရေးအတွက် အာဖရိကမှ ကျွန်များကိုခေါ်ယူနေရာချသည်။ ၁၈၃၄ခုနှစ်ရောက်မှ ကျွန်စနစ်ဖျက်သိမ်းခဲ့သည်။

အစိတ်အပိုင်းတစ်ခု

၁၇၉၅ခုနှစ်တွင် ပြင်သစ်တော်လှန်ရေးကိုအားကျပြီး အာဖရိကစိုက်ပျိုးရေးသမား ဂျူလီယင်ဖေဒွန်ဦးဆောင်ပြီး ဗြိတိသျှအုပ်ချုပ်ရေးကိုတော်လှန်သည်။ မအောင်မြင်ချေ။ ၁၈၈၅-၁၉၅၈ခုနှစ်များအတွင်း ဗြိတိသျှဝင်းဝပ်ကျွန်းများအုပ်ချုပ်မှုတွင် ဂရင်နေဒါကို အုပ်ချုပ်ရေးဌာနချုပ်အဖြစ် အသုံးပြုသည်။ ၁၉၅၀ပြည့်နှစ်တွင် အဲရစ်ဂိုင်ရီက ဂရင်နေဒါယူနိုက်တက်လေဘာပါတီကို ထူထောင်သည်။ ၁၉၅၈-၁၉၆၂ခုနှစ်များအတွင်းတွင် ဂရင်နေဒါသည် ဗြိတိသျှကမကထပြုသည့် အနောက်အိန္ဒိယဖက်ဒရေးရှင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။

အာဏာသိမ်း

၁၉၇၄ခုနှစ်တွင် ဂရင်နေဒါနိုင်ငံလွတ်လပ်ရေးခဲ့ရသည်။ အဲရစ်ဂိုင်ရီသည် ဤနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာသည်။၁၉၇၉ခုနှစ်တွင် မောရစ်ဘစ်ရှော့ဦးဆောင်သည့် လက်ဝဲနယူးဂျူးဝဲလှုပ်ရှားမှုအဖွဲ့က အာဏာသိမ်းသည်။

ပြန်လည်အသက်သွင်း

၁၉၈၃ခုနှစ်တွင် အမေရိကန်တပ်များ ဂရင်နေဒါ နိုင်ငံကို ကျူးကျော်လာပြီဟူသော မဟုတ်မမှန်သတင်းလွှင့်ပြီး ဗိုလ်ချုပ်ကြီးဩစတင်ဦးဆောင်သည့် လက်ဝဲမဟာမိတ်ဟောင်းများက မောရစ်ဘစ်ရှော့အားဖြုတ်ချအာဏာသိမ်းသည့်အပြင် ကွပ်မျက်ပစ်လိုက်သည်။ ထိုနေ့မှာပင် အမေရိကန်မရိန်းတပ်များဝင်လာပြီး အာဏာသိမ်းသူ ဗိုလ်ချုပ်ကြီးဩစတင်ကိုဖမ်းလိုက်သည်။ ယာယီအကြံပေးကောင်စီက ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသက်သွင်းသည်။

ဝန်ကြီးချုပ်ဖြစ်လာ

၁၉၈၄ခုနှစ် ရွေးကောက်ပွဲတွင် နယူးနေရှင်နယ်ပါတီ (အင်န်အင်န်ပီ) အနိုင်ရပြီး ဟားဘတ်အေဘလေ့ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၉ခုနှစ်တွင် ဟားဘတ်အေဘလေ့ ကွယ်လွန်သဖြင့် အင်ဂျူးကအစားထိုးတာဝန်ယူသည်။ ၁၉၉၁ခုနှစ်တွင် နေရှင်နယ်ဒီမိုကရက်တစ် ကွန်ဂရက်ပါတီ (အင်န်ဒီစီ)မှ နီကိုလပ်ဘရိတ်ဝိတ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၄င်းကရာထူးမှနုတ်ထွက်ပေးသည့် ၁၉၉၅ခုနှစ် ဖေဖော်ဝါရီလတွင် ဂျော့ဘရီဇန် ဝန်ကြီးချုပ်ဖြစ်လာသည်။

တာဝန်ပေး

၁၉၉၅ခုနှစ် ဇွန်လရွေးကောက်ပွဲတွင် (အင်န်အင်န်ပီ)ပါတီအနိုင်ရပြီး ကိသ်မစ်ချယ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၉ခုနှစ်နှင့် ၂၀၀၃ခုနှစ်နိုဝင်ဘာရွေးကောက်ပွဲများ၌ အနိုင်ရကာ ဝန်ကြီးချုပ်အဖြစ်ဆက်လက်တာဝန်ယူသည်။ ဤနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲမှာ ဗြိတိန်ဘုရင်မကြီး ဒုတိယမြောက်အယ်လီဇဘက်ပင်ဖြစ်သည်။ သူ့ကိုယ်စား ဆာဒင်နီယယ်ဝီလျံကို ဘုရင်ခံချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသည်။

တတိယအကြိမ်ဝန်ကြီးချုပ်သက်တမ်းတွင် ဆက်လက်တာဝန်ယူသည့် ကိသ်မစ်ချယ်က နိုင်ငံအဝန်းပြည်သူပြည်သားများ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးကို အားသွန်ကြိုးပမ်းသည်။

ဤနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇာတိပ္ဖိုလ်သီး ဒုတိယအများဆုံးထွက်သည့် နိုင်ငံဖြစ်သည်။ ထို့ပြင် ဇာတိပ္ဖိုလ်ပွင့်၊ သစ်ကြံပိုးခေါက်၊ ချင်းစိမ်းနှင့် လေးညှင်းပွင့်များလည်း ထွက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ လှပသောရှုမျှော်ခင်းများ၊ မိုးသစ်တောများ၊ စမ်းချောင်းများ၊ ရေပူစမ်းများ၊ တောင်ပေါ်ရေကန်များ၊ ပူနွေးသော ရာသီဥတု၊ သန့်ပြန့်သာမောဖွယ် ပင်လယ်ကမ်းခြေများက ခရီးသွားလုပ်ငန်းကို များစွာအထောက်အကူပြုလျက်ရှိသည်။

ဤနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းများလည်း တစ်ဟုန်ထိုးတိုးတက်လျက်ရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်းများပြားလာသဖြင့် ဤနိုင်ငံ၏ အနာဂတ်ရေးမှာ အလားအလာကောင်းမွန်လျက်ရှိပါကြောင်း ။ ။ **ကိုးကား-အင်တာနက်**

ဤကျွန်းစုကို ခရစ္စတိုဖာကိုလံဘတ်က ၁၄၉၈ခုနှစ်တွင်တွေ့ခဲ့ပြီး ဂရင်နေဒါဟု အမည်ပေးခဲ့။ မာတင်နစ်မှ ပြင်သစ်များ ၁၆၅၀ပြည့်နှစ်တွင် လာရောက် သိမ်းယူ။ ၁၇၈၃ ခုနှစ်တွင် ဗာဆိုင်းစာချုပ်အရ ပြင်သစ်က ဂရင်နေဒါကို ဗြိတိသျှတို့ လက်ထဲ အပ်လိုက်ရ။

ဘဝဒဿန

✻ **The greatest known care for lone liness, discouragement, and discontentment is work that produces a healthy sweat.**

- အထီးကျန်ခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် အားရကျေနပ်မှု မရှိခြင်းတို့အတွက် အကောင်းဆုံးဆေးနည်းမှာ အလုပ်၌ နှစ်မြှုပ်ကြိုးစားလုပ်ကိုင်ခြင်းပင်ဖြစ်သည်။

✻ **Some men are "smart," others are "wise". The differ ence is This: the "smart" man can make money, the "wise" man can make it and use it wisely.**

- လူအချို့က ပါးနပ်သည်။ အချို့က ဉာဏ်အမြော်အမြင်ရှိသည်။ ကွာခြားချက်မှာ ပါးနပ်သူများက ငွေရအောင်ရှာနိုင်သည်။ ဉာဏ်အမြော်အမြင် ရှိသူများက ငွေကို ရအောင်ရှာနိုင်သည့်အပြင် အကျိုးရှိစွာသုံးစွဲခြင်းပင်ဖြစ်သည်။

✻ **No one can keep you down except yourself.**

- သင်ကိုယ်တိုင်ကလွဲပြီး မည်သူကမျှ သင့်ကိုနိမ့်ကျသွားအောင် မလုပ်နိုင်ပါ။

(ဝီလျံဟေး)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊
မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ကမ္ဘာတစ်လွှားထူးထူးခြားခြား

❖ စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

အလေးချိန်အစီးဆုံး ဟင်းသီးဟင်းရွက်ဟင်း

အမေရိကန်နိုင်ငံ မီချီဂန်မြို့ရှိ စားဖိုမှူးများ စုပေါင်းချက်ပြုတ်ထားသော ဟင်းသီးဟင်းရွက်မျိုးစုံဖြင့် ပြုလုပ်ထားသည့်ဟင်းဖြစ်သည်။ ၄င်းဟင်း၌ ဆလပ်ရွက် ပေါင်၃၀၀၊ ခရမ်းချဉ်သီးပေါင်၂၀၀၊ မုန်လာဥပေါင်၅၀၀၊ အာလူး ပေါင်၃၀၀၊ မုန်လာဥနီ ပေါင်၂၀၀၊ ငရုတ်သီးပွတောင့် ပေါင်၁၀၀၊ ကြက်သွန်နီ ပေါင်၁၀၀၊ ကြက်သွန်ဖြူ ပေါင်၁၀၀နှင့် အခြားဟင်းသီးဟင်းရွက်အမျိုးအစား ပေါင် ၂၀ခန့်ဖြင့် ရောပွမ်း ချက်ပြုတ်ထားခြင်းဖြစ်သည်။ ထိုဟင်း၏ အလေးချိန်စုစုပေါင်းမှာ ပေါင်၅၂၀၀ရှိရာ ကမ္ဘာပေါ်တွင် အလေးချိန်အစီးဆုံးဟင်းသီးဟင်းရွက်ဟင်းဖြစ်ကြောင်း ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ)

(အင်တာနက်)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကားမော်ဒယ်ဒီဇိုင်း အများဆုံးစုဆောင်းနိုင်သူ

အမေရိကန်နိုင်ငံ နယူးယောက်မြို့သား မိုက်ကယ်ဇာနေ့ခ်အမည်ရှိ အမျိုးသားတစ်ဦးသည် မော်တော်ကားဒီဇိုင်းပုံစံမျိုးစုံကို စုဆောင်းသည့် ဝါသနာပါသူဖြစ်ရာ မော်တော်ကား ဒီဇိုင်းပုံစံအစီးရေပေါင်း ၈၁၂၈စီးကို စုဆောင်းထားသဖြင့် ကမ္ဘာပေါ်တွင် မော်တော်ကားဒီဇိုင်းမျိုးစုံ အများဆုံး စုဆောင်းနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အောက်ပုံ)(အင်တာနက်)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

အင်တာနက်ဂိမ်း အမြန်ဆုံး ကစားနိုင်သူ

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့တွင် မကြာမီက ကျင်းပခဲ့သည့် အင်တာနက်ဂိမ်းပြိုင်ပွဲ၌ အိန္ဒိယနိုင်ငံသား မာဟာရုဖ် ဒီစီဘယ်က အချိန် ၂၁ဒသမ ၈၇စက္ကန့်ဖြင့် အနိုင်ကစားနိုင်ခဲ့ရာ အင်တာနက်ဂိမ်း အမြန်ဆုံးကစားနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အပေါ်ပုံ)(အင်တာနက်)

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ သက်ကြီးပူဇော်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၂၇

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်ကျင်းပသည့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၂၃ရက် နံနက်ပိုင်းက နန်းမြို့ ရန်အောင်မြင်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ကန်တော့ခံဘိုးဘွားများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရုပ်သိမ်း

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး ဘိုးဘွားများအား ရှိခိုးကန်တော့ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ အသီးသီးပေးအပ်ပြီး အဘိုးဦးထွန်းသိန်းက ဆုတောင်းမေတ္တာပို့သပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဘိုး၊ အဘွားများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း သက်ကြီးပူဇော်ပွဲတက်ရောက် လှူဖွယ်ပစ္စည်းများ ပေးအပ်

နေပြည်တော် ဧပြီ ၂၇

မော်လမြိုင်မြို့ ဘိုးဘွားများအား ပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် နံနက်ပိုင်းက ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုတောင်းမေတ္တာပို့သ

ရှေးဦးစွာ ဘိုးဘွားများအား ကန်တော့ပူဇော်ကာ အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့က ဆုတောင်းမေတ္တာပို့သပေးသည်။

ဘေးမဲ့လွှတ်

ဆက်လက်၍ တိုင်းမှူးက အဘိုး၊ အဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်သည်။ ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆိပ်ကမ်းသာတံတား၌ ကျင်းပသော ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ငါးများကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းလေလံတင်ရောင်းချပွဲ ရွှေကူမြို့၌ ပထမအကြိမ်ကျင်းပ

ရွှေကူ ဧပြီ ၂၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ အင်းများလေလံတင်ရောင်းချပွဲအခမ်းအနားကို ဧပြီ ၅ရက်က ရွှေကူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပရာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအယ်လ်တူးရိန်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်နှင့် မြို့နယ်အတွင်းရေးမှူး ဦးဆန်းဦး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညွန့်မေ၊ မြို့နယ်ဦးစီးမှူး ဦးသန်းအောင်မော်နှင့် ဝန်ထမ်းများ၊ အင်းလေလံဆွဲဝယ်ယူသူများတက်ရောက်ကြကာ အင်းပေါင်း ၄၈ အင်း ရောင်းချနိုင်ခဲ့ပြီး အင်းခွန် တန်ဖိုးငွေကျပ် ၁၈၃၇၆၆၀ ရရှိခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဧပြီ ၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာကျော်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်နှင့် ဝန်ထမ်းများဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်း ထွေတလာ

မကွေးတိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲတက်ရောက်

နေပြည်တော် ဧပြီ ၂၇

မကွေးတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၆ရက်က မကွေးတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

ရုပ်သိမ်း

အစီအစဉ်အရ တိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၇ရက် နံနက်ပိုင်းက မကွေးမြို့ဇီဝိတဒါနငါးလွှတ်ပွဲသို့ တက်ရောက်ကာ ငါးများကိုဘေးမဲ့လွှတ်ပေးကြသည်။

တက်ရောက်

ထို့နောက် တိုင်းဥက္ကဋ္ဌသည် မကွေးတိုင်း သက်ကြီးဘိုးဘွား ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး အဘိုးဦးသိန်းအောင်က ဆုပေးစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကာ အဘိုး၊ အဘွားများအား နံနက်စာဖြင့် ကျွေးမွေးပြုစုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စံကွက်ရိတ်သိမ်း

ဧရာဝတီတိုင်း မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၈၈၂) မရမ်းကွင်း ဦးပိုင်အမှတ် (၅၉/၁) ဧရိယာ ၂၃ ဒသမ ၅၀ ဧကရှိ ဦးစောနိုင်ဝင်း၏ သီးထပ်ရင် နွေစပါးစိုက်ခင်း၌ ဧပြီ ၉ ရက်က မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်းနှင့် ခရိုင်နှင့်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့တို့ စံကွက်ရိတ်သိမ်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။
(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား

ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်

ရှေ့ဖုံးမှ

ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ ကဏ္ဍပေါင်းစုံမှ ထူးထူးကဲကဲ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းနိုင်ရန်အလို့ငှာ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၇ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၀၉) ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ကြေညာ

၁၃၇၁ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်းခံရသူများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

လောင်းလှူပူဇော်

ယင်းသို့ ဆက်ကပ်လှူဒါန်း ပူဇော်ချီးမြှင့်ခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၄နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ

စာမျက်နှာ ၆ ကော်လံ ၁ ✻